# မာတိကာ


၁။ ပန်းပွင့်ပုံသဏ္ဍာန် မိတ်ဆက်ခြင်း (Flower Introduction) ၁

၂။ သင်တန်းတွင် တာဝန်ခွဲဝေသတ်မှတ်ခြင်း (Division of labor during training) ၂

၃။ လေ့လာသင်ယူမှုစက်ဝန်း (Learning Cycle) ၃

၄။ ပူးပေါင်းပါဝင်ခြင်း၏ အဓိကကျသော စကားလုံးများ (Participatory key words) ၄

၅။ သင်တန်းစည်းမျဉ်းစည်းကမ်း သတ်မှတ်ခြင်း ၅

၆။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအိမ် (Sustainable Development House) ၆

၇။ ဂေဟဗေဒစနစ် (Ecosystem) ၇

၈။ ထိရောက်မှုရှိသော ပြန်ကြားဆက်သွယ်ခြင်း (Effective communication) ၈

၉။ Energizer ဂိမ်းကစားခြင်း (Bird, Flood, Strom) ၁၀

၁၀။ အသိပညာနှင့် အတတ်ပညာ (Skill & Knowledge) ၁၁

၁၁။ လူတို့၏ လိုအပ်ချက်(၅)မျိုး (Five kinds of Needs) ၁၂

၁၂။ လူတို့လက်ခံပုံ အဆင့်ဆင့် (Adoption Steps) ၁၃

၁၃။ ရာသီဥတုပြောင်းလဲမှုနှင့် REDD+ (Climate Changeç REDD+) ၁၄

၁၄။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာ (Environmental Knowledge) ၁၇

၁၅။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော (Community Forestry) ၁၈

၁၆။ လူထုပူးပေါင်းပါဝင်ရေးဆွဲခြင်း၏ သဘောတရား (Principles of participatory mapping) ၂၀

၁၇။ သဘာဝသယံဇာတ အရင်းအမြစ်ပြမြေပုံ (Resource Map) ၂၁

၁၈။ ကျေးရွာပြမြေပုံ (Village Map) ၂၂

၁၉။ နေအဆင့်သတ်မှတ်ခြင်း (Wealth ranking) ၂၄

၂၀။ ကန့်လန့်ဖြတ် လမ်းလျှောက်ခြင်း (Transect Walk) ၂၅

၂၁။ ကျေးရွာရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calendar) ၂၆

၂၂။ ကျေးရွာသမိုင်းကြောင်းပြမြေပုံ (Histogram) ၂၈

၂၃။ သစ်တောသယံဇာတစာရင်း ကောက်ယူခြင်း (Inventory) ၂၉

(က) ဧရိယာအကွက်တိုင်းတာခြင်း ၃၀

(ခ) အပင်နာမည်မှတ်သားခြင်း ၃၁

(ဂ) အပင်အမြင့်တိုင်းတာခြင်း ၃၁

(ဃ) အပင်လုံးပတ်တိုင်းတာခြင်း ၃၂

(င) ကောက်ယူရရှိသော သစ်တောသယံဇာတစာရင်းများအား

မှတ်တမ်းတင်ပြုစုခြင်း (List of forest inventory) ၃၂

သစ်တောသယံဇာတကောက်ယူမှုဇယား ၃၃

၂၄။ PRA tools များအပေါ် ပြန်လည်သုံးသပ်ခြင်း

(Experiential learning on community-based natural resource mapping exercises) ၃၄

၂၅။ နေ့စဉ်အချိန်အသုံးချမှုပုံစံ ဖော်ထုတ်ခြင်း (Daily Timeline) ၃၅

၂၆။ မြေအသုံးချမှုပုံစံ ဖော်ထုတ်ခြင်း (Land use plan) ၃၇

၂၇။ ကုန်းနေ/ရေနေသတ္တဝါများ ကောက်ယူစာရင်းပြုစုခြင်း ၃၈

ကုန်းနေ/ရေနေသတ္တဝါများ မှတ်တမ်းတင်ကောက်ယူမှုဇယား ၄၀

၂၈။ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ မှတ်တမ်းတင်ကောက်ယူခြင်း ၄၁

သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ မှတ်တမ်းတင်ကောက်ယူမှုဇယား ၄၃

၂၈။ အမျိုးသား၊ အမျိုးသမီးတို့၏ နေ့စဉ်ဘဝတွင် လုပ်ကိုင်ဆောင်ရွက်ရသော

လုပ်ငန်းတာဝန်များ ဖော်ထုတ်ခြင်း (Type of work of men and women in their daily life) ၄၄

## ၁။ ပန်းပွင့်ပုံသဏ္ဍာန်မိတ်ဆက်ခြင်း
## (Flower Introduction)

**ရည်ရွယ်ချက်**

သင်တန်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ သင်တန်းဖြစ်မြောက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ပေးသော အဖွဲ့အစည်းများနှင့် သင်တန်းသားများအချင်းချင်း မိမိတွင် ရှိနေပြီးသား စွမ်းဆောင်ရည်များ၊ အသိပညာ ဗဟုသုတများပေါ် အခြေခံ၍ အချင်းချင်း သိကျွမ်းခင်မင်မှု အစပြုစေခြင်းမှ ယုံကြည်မှုတည်ဆောက်နိုင်စေရန်။

**ကြာချိန်** – ၂၀ မိနစ်

**သင်တန်းအထောက်အကူပြုပစ္စည်းများ**

A0 စက္ကူစာရွက်များ၊ ရောင်စုံ စက္ကူကဒ်ပြားငယ်များ (Color cards)၊ စက္ကူတိပ်များ (Paper tapes)၊ ဆေးပင် (Marker Pens)

**ဆောင်ရွက်ပုံအဆင့်ဆင့်**



၁။ ပန်းပွင့်ပုံ မိတ်ဆက်ခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းစွာ ပြောပြပါ။

၂။ ပန်းပွင့်ပုံသဏ္ဍာန် မိတ်ဆက်ခြင်း ပုံစံတစ်ခုကို ဥပမာပြု၍ မိမိကိုယ်မိမိ အောက်ပါအတိုင်း ဦးစွာမိတ်ဆက်ပါ။

(က) အမည်

(ခ) နေထိုင်ရာဒေသ/မွေးရပ်ဇာတိမြေ

(ဂ) ထူးခြားသော အတွေ့အကြုံ

(ဃ) ဒေသဖွံ့ဖြိုးရေးများတွင် ဖွံ့ဖြိုးရေးလုပ်သားတစ်ယောက် အနေဖြင့် မိမိဖြစ်ချင်သော စိတ်ဆန္ဒ

(မှတ်ချက်– အထက်ပါအကြောင်းအရာများအပြင် အခြားသော အကြောင်းအရာများကိုလည်း ထည့်သွင်း မိတ်ဆက်နိုင်ပါသည်။)

၃။ မိတ်ဆက်ပြီးပြီဆိုပါက သင်တန်းသားများမှ မိတ်ဆက်ရန်အတွက် လိုအပ်သော အထောက်အကူပစ္စည်းများ ပေး၍ အချင်းအချင်း မိတ်ဆက်စေပါ။

## ၂။ သင်တန်းတွင် တာဝန်ခွဲဝေသတ်မှတ်ခြင်း
## (Division of labor during training)

**ရည်ရွယ်ချက်**

သင်တန်းကာလ တစ်လျှောက်လုံး ဆွေးနွေးပြောကြားမည့် အကြောင်းအရာများအား စနစ်တကျ မှတ်တမ်းတင်နိုင်ရန်၊ အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ သင်တန်း၏ အားနည်းချက်၊ အားသာချက်များအား ပြန်လည်သုံးသပ်နိုင်ရန်နှင့် သင်တန်းအား ပိုမိုထိရောက်အားကောင်းစေရန်။

**ကြာချိန်** – ၁ နာရီ

**သင်တန်းအထောက်အကူ ပစ္စည်းများ**

A0 စက္ကူစာရွက်များ၊ ရောင်စုံ စက္ကူကဒ်ပြားငယ်များ (Color cards)၊ စက္ကူတိပ်များ (Paper tapes)၊ ဆော့ပင် (Marker Pens)

**ဆောင်ရွက်ပုံ အဆင့်ဆင့်**

၁။ တာဝန်ခွဲဝေသတ်မှတ်ခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခြင်းဖြင့် သင်တန်းကို စတင်ပါ။

၂။ တာဝန်ခွဲဝေသတ်မှတ်ခြင်းကို သင်တန်းသားများ၏ သဘောတူညီချက်ရယူ၍ အဖွဲ့လေးဖွဲ့ ခွဲ၍ နေ့စဉ် တာဝန်ယူသွားမည်ဖြစ်ကြောင်း ပြောပြပါ။

၃။ တာဝန်တစ်ခုချင်းစီ၏ ဆောင်ရွက်ရမည့်အရာများကို A0 စာရွက်စက္ကူပေါ်တွင် ချရေးကာ ဘုတ်ပြားတွင် ကပ်ပါ။

အဖွဲ့ (၁) – သင်တန်းပစ္စည်းများ နေရာချထားရေးအဖွဲ့ (Mechanic group)

အဖွဲ့ (၂) – စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ (Regulation group)

အဖွဲ့ (၃) – မှတ်တမ်းတင်ရေးအဖွဲ့ (documentation group)

အဖွဲ့ (၄) – အကဲဖြတ်သုံးသပ်ရေးအဖွဲ့ (Evaluation group)

၄။ တာဝန်ယူဆောင်ရွက်ရမည့် ခေါင်းစဉ်အလိုက် နေ့စဉ် အဖွဲ့လိုက်ပါဝင်မည့်သူများအား လက်ထောင်စေပါ။ ရရှိသော နာမည်စာရင်းကို ကပ်ထားသော A0 စက္ကူပေါ်တွင် ချရေးပါ။

၅။ နေ့စဉ် တာဝန်ယူဆောင်ရွက်မည့် နာမည်စာရင်းအား နောက်ဆုံးတစ်ကြိမ် ပြောကြား၍ သင်တန်းကာလ တစ်လျှောက်လုံး အဆိုပါ အဖွဲ့လေးဖွဲ့မှ မတူညီသောတာဝန်များကို နေ့စဉ် ဆောင်ရွက်သွားမည့်အကြောင်း ပြောကြားခြင်းဖြင့် နိဂုံးချုပ်ပါ။

## ၃။ လေ့လာသင်ယူမှုစက်ဝိုင်း
## (Learning Cycle)

**ရည်ရွယ်ချက်**


မိမိဖြတ်သန်းခဲ့သော အချိန်ကာလတစ်ခု၏ အဖြစ်အပျက်များ၊ အတွေ့အကြုံများမှ အားသာချက်၊ အားနည်းချက်များ၏ အကြောင်းရင်းကို ဖော်ထုတ်နိုင်ကာ မူလထက် ပိုမိုကောင်းမွန်သော အခြေအနေတစ်ရပ်သို့ ရောက်စေရန် ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် နည်းလမ်းကောင်း အတွေ့အကြုံအသစ်တစ်ခုကို ရရှိနိုင်စေရန်။

**ကြာချိန်** – မိနစ် ၃၀

**သင်တန်းအထောက်အကူ ပစ္စည်းများ**

A0 စက္ကူစာရွက်များ၊ ရောင်စုံ စက္ကူကဒ်ပြားငယ်များ (Color cards)၊ စက္ကူတိပ်များ (Paper tapes)၊ ဆေးပင် (Marker Pens)

**ဆောင်ရွက်ပုံ အဆင့်ဆင့်**



၁။ လေ့လာသင်ယူမှုစက်ဝိုင်း၏ ရည်ရွယ်ချက်ကို ဦးစွာပြောကြားပါ။

၂။ လေ့လာသင်ယူမှု စက်ဝိုင်းတွင် အတွေ့အကြုံ၊ ပြန်လည်သုံးသပ်၊ စဉ်းစားအဖြေရှာ၊ လက်တွေ့ဆောင်ရွက် စသည့်အချက်(၄)ချက် ပါဝင်ကြောင်း ရှင်းပြပါ။

၃။ ဆိုလိုသည်မှာ မိမိဖြတ်သန်းခဲ့သော အချိန်ကာလတစ်ခု၏ အဖြစ်အပျက်များ၊ အတွေ့အကြုံများမှ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်အဖြေရှာ ဖော်ထုတ်စေကာ အားနည်းချက်များ၊ အားသာချက်များ၏ အကြောင်းအရင်းများကို လက်ရှိအခြေအနေတစ်ခုမှ ပိုမိုကောင်းမွန်သော အခြေအနေတစ်ခုသို့ ရောက်ရှိစေရန် နည်းလမ်းကောင်းများ ရှာဖွေဖော်ထုတ် ကောက်ချက်ဆွဲစေကာ နောက်ထပ်တစ်ကြိမ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်သော အတွေ့အကြုံအသစ်တစ်ခုကို ရရှိစေနိုင်ကြောင်း ရှင်းလင်းပြောကြားပါ။

၄။ အတွေ့အကြုံအပေါ် လေ့လာသင်ယူရသည့်အတွက် ၎င်းနည်းလမ်းကို သက်ကြီးပညာသင်ကြားရေး စနစ်တွင် ကျင့်သုံးလေ့ရှိပါကြောင်း ပြောကြားခြင်းဖြင့် အဆုံးသတ်ပါ။

## ၄။ ပူးပေါင်းပါဝင်ခြင်း၏ အဓိကကျသောစကားလုံးများ
## (Participatory key words)

**ရည်ရွယ်ချက်**

သင်တန်းကာလတစ်လျှောက်လုံး သင်ကြားဆွေးနွေးမည့်ပုံစံကို သင်တန်းသားများအားလုံး သိရှိရန်နှင့် လိုက်နာဆောင်ရွက်တတ်စေရန်၊ သင်တန်း ပိုမိုထိရောက်နိုင်စေရန်။

**ကြာချိန်** – ၃၀ မိနစ်

သင်တန်းအထောက်အကူ ပစ္စည်းများ

A0 စက္ကူစာရွက်များ၊ ရောင်စုံ စက္ကူကဒ်ပြားငယ်များ (Color cards)၊ စက္ကူတိပ်များ (Paper tapes)၊ ဆေးပင် (Marker Pens)

**ဆောင်ရွက်ပုံ အဆင့်ဆင့်**




၁။ ဤသင်ခန်းစာ၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခြင်းဖြင့် စတင်ပါ။

၂။ အဓိကကျသော စကားလုံး (၅)လုံးဖြစ်သော ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း (Participation)၊ သတင်းအချက်အလက်များမျှဝေခြင်း (Information Sharing)၊ အရင်းအမြစ်များကို မျှဝေခြင်း (Resource Sharing)၊ အမြင်အားဖြင့် နားလည်လွယ်စေခြင်း (Visualization)၊ အုပ်စုလိုက်ဆောင်ရွက်ခြင်း (Group Dynamic)ကို A0 စာရွက်ကြီးပေါ်တွင် ရေး၍ သင်တန်းသားများရှေ့တွင် ကပ်ပါ။

၃။ ၎င်းအဓိကကျသော စကားလုံးတစ်ခုချင်းစီ၏ သဘောသဘာဝကို ရှင်းလင်းပြောကြားပါ။

၄။ လုပ်ငန်း/သင်တန်းများဆောင်ရွက်ရာတွင် အထက်ပါ အဓိကကျသော စကားလုံး (၅)လုံးကို ထည့်သွင်းအသုံးပြုခြင်းအားဖြင့် လူအများ၏ ပူးပေါင်းပါဝင်မှုရရှိစေခြင်း၊ သတင်းအချက်အလက်များ အပြန်အလှန် သိရှိရခြင်း၊ မိမိကျွမ်းကျင်ပိုင်နိုင်ရာကို ထည့်ဝင်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ ပိုမိုချောမွေ့စေခြင်း၊ အမြင်အားဖြင့် နားလည်လွယ်စေသော နည်းလမ်းများကြောင့် ပိုမိုရှင်းလင်း မှတ်မိစေခြင်း၊ အုပ်စုလိုက် စွမ်းဆောင်နိုင်စွမ်းကို သက်ဝင်ယုံကြည်သော အလေ့အထကောင်းများ တိုးပွားလာစေခြင်း စသည့် အကျိုးကျေးဇူးများ ခံစားရနိုင်ကြောင်း ပြောကြားခြင်းဖြင့် အဆုံးသတ်ပါ။

## ၅။ သင်တန်းစည်းမျဉ်းစည်းကမ်း သတ်မှတ်ခြင်း

**ရည်ရွယ်ချက်**

သင်တန်းကျင်းပမည့်အချိန်၊ သင်တန်းပြီးဆုံးမည့်အချိန်၊ သင်တန်းတွင်း လိုက်နာရမည့် စည်းကမ်းတို့ကို သင်တန်းသားများ၏ အားလုံးသော သဘောတူညီချက်ဖြင့် သတ်မှတ်စေ၍ သင်တန်းကို ထိရောက်စွာ ပို့ချသွားနိုင်ရန်။

**ကြာချိန်** – ၂၀ မိနစ်

**သင်ထောက်ကူပစ္စည်းများ**

A0 စက္ကူစာရွက်များ၊ ရောင်စုံ စက္ကူကဒ်ပြားငယ်များ (Color cards)၊ စက္ကူတိပ်များ (Paper tapes)၊ ဆော့ပင် (Marker Pens)

**ဆောင်ရွက်ပုံ အဆင့်ဆင့်**

၁။ သင်တန်းကာလတစ်လျှောက်လုံး အခက်အခဲမရှိ အောင်မြင်စွာ ပြီးမြောက်နိုင်ရန်အတွက် အားလုံးသဘောတူမည့် အချိန်စာရင်းတစ်ခုအား သတ်မှတ်ထားရှိရန် လိုအပ်ကြောင်း ဦးစွာပြောကြားပါ။

၂။ (၁)သင်တန်းစတင်မည့်အချိန်၊ (၂) လက်ဖက်ရည်သောက် နားမည့်အချိန်၊ (၃) နေ့လယ်စာစားချိန်၊ (၄) သင်တန်းပြီးဆုံးရမည့်အချိန်၊ (၅) သင်တန်းတွင်း လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း၊ စည်းကမ်းတို့ကို သင်တန်းသား/သူများ၏ သဘောတူဆုံးဖြတ်ချက်ဖြင့် သတ်မှတ်၍ A0 ပေါ်တွင် ချရေးပါ။

၃။ သတ်မှတ်ထားရှိသော အချိန်စာရင်း/စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ရမည်ကို ထပ်မံရှင်းလင်းပြောကြားပါ။ ထို့နောက် အများမြင်သာသောနေရာတွင် ၎င်းအချိန်စာရင်းနှင့် စည်းကမ်းစာရွက်အား ကပ်ထားပါ။

# ၆။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအိမ်
# (Sustainable Development House)

## ရည်ရွယ်ချက်

ဖွံ့ဖြိုးရေးသဘောတရားနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်၏ သဘောတရားများနှင့် လုပ်ကိုင်ဆောင်ရွက်ရာတွင် သတိထားဆောင်ရွက်ရမည့် အကြောင်းအရာအချက်အလက်များကို ရှင်းလင်းစွာသိရှိသွားစေရန်။

**ကြာချိန်** – ၁း၃၀ နာရီ

## သင်ထောက်ကူပစ္စည်းများ

A0 စက္ကူစာရွက်များ၊ ရောင်စုံ စက္ကူကဒ်ပြားငယ်များ (Color cards)၊ စက္ကူတိပ်များ (Paper tapes)၊ ဆော့ပင် (Marker Pens)

## ဆောင်ရွက်ပုံ အဆင့်ဆင့်

၁။ ဖွံ့ဖြိုးရေးအိမ်၏ အဓိကသဘောတရားနှင့် ရည်ရွယ်ချက်ကို ဦးစွာပြောကြားပါ။

၂။ သင်တန်းသားများအား အဖွဲ့(၄)ဖွဲ့ခွဲပါ။

၃။ ၎င်းအဖွဲ့ (၄)ဖွဲ့အား အိမ်တစ်အိမ်ဖွံ့ဖြိုးစေရန် ပါဝင်သင့်သည့် အချက်များကို ဆွေးနွေးဖော်ထုတ်စေကာ A0 စာရွက်ကြီးပေါ်တွင် ချရေးစေပါ။

၄။ အဖွဲ့(၄)ဖွဲ့မှ ဆွေးနွေးချက်များအား သင်တန်းသားများရှေ့တွင် ထွက်၍ ပြန်လည်ရှင်းလင်းစေပါ။

၅။ အိမ်တစ်အိမ်ဖွံ့ဖြိုးစေရန် အောက်ပါအချက်များ ပါဝင်ကြောင်း အနှစ်ချုပ်၍ ပြောကြားပါ။

(က) စီးပွားရေး

(ခ) လူမှုရေး

(ဂ) ကျား/မတန်းတူ တူညီရေး

(ဃ) သဘာဝပတ်ဝန်းကျင်ကောင်း

(င) သတင်းအချက်အလက်

(စ) ဖွဲ့စည်းလုပ်ရှား

(ဆ) စီမံခန့်ခွဲမှု

(ဇ) ဦးဆောင်မှုကောင်းခြင်း



၆။ အိမ်တစ်အိမ်၊ ရပ်ရွာတစ်ရွာ၊ မြို့နယ်တစ်မြို့၊ တိုင်းပြည်တစ်ခုဖွံ့ဖြိုးရန် ဆောင်ရွက်ရာတွင် အထက်ပါ အချက်များမှာ အဓိကကျကြောင်းနှင့် ၎င်းအချက်များ ဟန်ချက်ညီညီဖြင့် ဆောင်ရွက်နိုင်မှသာ ရေရှည် တည်တံ့သော ဖွံ့ဖြိုးရေးဖြစ်စဉ်တစ်ခုကို ရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်းဖြင့် အဆုံးသတ်ပါ။

## ၇။ ဂေဟာဗေဒစနစ်
## (Ecosystem)

**ရည်ရွယ်ချက်**


သက်ရှိ၊ သက်မဲ့များ တစ်ခုနှင့်တစ်ခု အပြန်အလှန် အမှီသဟဲပြုနေသော ဂေဟာစနစ်၏ အခြေခံသဘောတရား များကို သိရှိသွားစေရန်။

**ကြာချိန်** – ၄၅မိနစ်

**သင်တန်းအထောက်အကူပစ္စည်းများ**

A0 စက္ကူစာရွက်များ၊ ရောင်စုံ စက္ကူကဒ်ပြားငယ်များ (Color cards)၊ စက္ကူတိပ်များ (Paper tapes)၊ ဆော့ပင် (Marker Pens)

**ဆောင်ရွက်ပုံအဆင့်ဆင့်**



၁။ ဂေဟာဗေဒစနစ်တွင် ရေ၊ မြေ၊ လေ၊ သစ်ပင်၊ တောတောင်၊ လူ၊ တိရစ္ဆာန်တို့ပါရှိကြောင်း၊ ၎င်းတို့မှာ တစ်ခုနှင့်တစ်ခု အပြန်အလှန် အမှီသဟဲပြုနေပြီး ဆက်စပ်လျက်ရှိနေကြောင်းကို ရှင်းလင်းပြောကြားပါ။

၂။ ဂေဟာဗေဒစနစ် ကောင်းမွန်စေရန်အတွက် မျှချေ အနေအထားကို ရှိနေစေရန် သဘာဝတရားမှ ဖန်တီးပေးထားကြောင်းနှင့် ထိုမျှချေအနေအထားတစ်ခု ရှိနေမှ ကောင်းမွန်သောဂေဟာစနစ်တစ်ခုကို ရရှိနိုင် မည်ဖြစ်ကြောင်း ပြောကြားပါ။

၃။ ထိုမျှချေအနေအထားတစ်ခုရှိနေစေရန်အတွက် ရေ၊ မြေ၊ လေ၊ သစ်ပင်၊ တောတောင်၊ လူ၊ တိရစ္ဆာန် တို့ ဟန်ချက်ညီညီရှိနေရန် လိုအပ်ကြောင်း ပြောကြားပါ။

၄။ ထိုသို့ သဘာဝတရားမှ ဖန်တီးပေးထားသော မျှချေအခြေအနေတစ်ခုကို လူတို့မှ သဘာဝသယံဇာတ များကို မဆင်မခြင် ထုတ်ယူသုံးစွဲမည်ဆိုပါ ကောင်းမွန်သော ဂေဟစနစ်မှ ပျက်စီးလာကာ ရာသီဥတုများ ဖောက်ပြန်လာခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်နိုင်ခြင်းနှင့် အခြားသော ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်တွေ့ကြုံနိုင်ကြောင်း ပြောကြားပါ။

၅။ ထို့နောက် မြေ၊ ရေ၊ လေ၊ သစ်ပင်တို့၏ ဆက်စပ်ပုံနှင့် ရေသံသရာလည်ပုံတို့ကို အောက်ပါပုံနှင့်တကွ ရှင်းလင်းပြသ၍ အဆုံးသတ်ပါ။

## ၈။ ထိရောက်မှုရှိသော ပြန်ကြားဆက်သွယ်ခြင်း
## (Effective communication)


**ရည်ရွယ်ချက်**

ဖွံ့ဖြိုးရေးလုပ်ငန်းများကြား ဒေသခံလူထုနှင့် အပြန်အလှန်ဆက်သွယ်ရာတွင် အကြောင်းအရာ အခြေအနေ တစ်ခုပေါ်မူတည်၍ သတင်းအချက်အလက်များ ပေးပို့လက်ခံရမည့်ပုံစံနှင့် အပြန်အလှန် ထိရောက်စွာ ပြန်ကြားဆက် သွယ်နိုင်စေရန်။

ထိရောက်စွာ ပြန်ကြားဆက်သွယ်နိုင်ရန် တစ်လမ်းသွားထက် နှစ်လမ်းသွားဆက်သွယ်မှုက ပိုမိုထိရောက် ကြောင်း ခံစားသိရှိသွားစေရန်။

**ကြာချိန်** – ၂း၀၀ နာရီ


**ဆောင်ရွက်ပုံအဆင့်ဆင့်**



၁။ သင်တန်းသားများအား အားလုံး တန်းစီစေပါ။

၂။ ထိပ်ဆုံးမှ သင်တန်းသားတစ်ဦးကို အခြားသူများမမြင် အောင် အဆင်သင့်ရေးထားသော သတင်းအချက်အလက် တစ်ခုကို (၃)မိနစ်ခန့် ပေး၍ ဖတ်စေပါ။

၃။ ထို့နောက် စာရွက်ပေါ်မှ မိမိရရှိလိုက်သော သတင်းအချက် အလက်ကို မိမိနှင့် အနီးဆုံးလူတစ်ဦးကို အခြားသူများ မကြားစေရန် တီးတိုးပြောကြားစေပါ။



(မှတ်ချက် – ထိုသို့ပြောကြားရာတွင် ပြောကြားသူအား နားထောင်သူမှ ပြန်မမေးစေရန်နှင့် သတ်မှတ်ထားသော အချိန်တစ်ခုထက်ပို၍ မပြောရခြင်းများ စသည်ကို သင်တန်းသားများ ဦးစွာပြောကြားထားရန် လိုအပ်ပါသည်။)

၄။ ထိုနည်းတူ တစ်ဦးမှတစ်ဦးစီသို့ ဆင့်ပွားပြောကြားစေပါ။

၅။ သင်တန်းသားများ တစ်ယောက်ပြီးတစ်ယောက် ထပ်ဆင့်ပြောကြားမှု ပြီးဆုံးပြီဆိုပါက နောက်ဆုံးနားထောင်လိုက်သော သင်တန်းသားမှ မိမိရရှိလိုက်သော သတင်းအချက်အလက်ကို စာရွက်ပေါ်တွင် ရေးချစေ၍ အခြားသူများအားလုံးကြားအောင် ပြန်လည်ပြောပြစေပါ။

၆။ ထို့နောက် သင်တန်းဆရာမှ အဆိုပါလေ့ကျင့်ခန်းတွင် အဓိကသတိထားစေလိုသောအရာမှာ တစ်ဦးမှတစ်ဦး သတင်းအချက်အလက်များ ပြောကြားရာတွင် မူလသတင်းအချက်အလက်နှင့် ကွဲလွဲမှုများရှိနိုင်ကြောင်း သင်တန်းသားများအား အောက်ပါအတိုင်း ပြောကြားပါ။

(မိမိတို့သည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေသူများဖြစ်သည့်အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်ဆက်နွယ်သည့် ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ အစည်းအဝေးပွဲများကို မဖြစ်မနေ ပြုလုပ်ရမည့်သူများ ဖြစ်လိမ့်မည်ဖြစ်ကြောင်းကို ဦးစွာပထမ ပြောကြားရပါမည်။ ထို့ကြောင့် မိမိတို့သည် ဖွံ့ဖြိုးရေးလုပ်ငန်းများကြား ဒေသခံလူထုနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် သတင်းအချက်အလက်များကို တိကျစွာပေးနိုင်စေရန်နှင့် ဒေသခံလူထုကြားအချင်းချင်း ပြန်လှန်မှုဝေနိုင်ရန် အရေးကြီးကြောင်းကို ရှင်းလင်းပြောကြားရမည်ဖြစ်ပါသည်။)

၇။ သတင်းအချက်အလက်များအား ဒေသခံလူထုကြား ဆက်သွယ်ပေးပို့ရာတွင် သတင်းပေးပို့သူမှ သတင်းလက်ခံသူအား ပေးပို့လိုသည့် သတင်းအချက်အလက်ကို အခြေအနေပေါ် မူတည်၍ ဆက်သွယ်ပေးပို့သည့် ပုံစံ SMMR model ကို အောက်ပါအတိုင်းပြောကြားပါ။

(ထိရောက်သော ပြန်ကြားဆက်သွယ်ခြင်းဆိုသည်မှာ သတင်းပေးပို့သူ (Sender) မှ သတင်းလက်ခံသူ (Receiver)ထံသို့ ပေးပို့လိုသည့် သတင်းအချက်အလက်များကို (Message) ထိရောက်သော နည်းစနစ် (Method)ကို အသုံးပြု၍ ပေးပို့ခြင်းဖြစ်သည်။)

၈။ ထို့နောက် ထိရောက်သော ပြန်ကြားဆက်သွယ်ရာတွင် ကေသုံးလုံး(3K) ရှိကြောင်းကို ရှင်းလင်းပြောကြားပါ။ ပထမ K မှာ ပရိသတ်အခြေအနေကို သိရမည်ဖြစ်ကြောင်း (Know your audience)နှင့် ဒုတိယ K မှာ မိမိအားနည်းချက်၊ အားသာချက်များကို သိရှိရမည်ဖြစ်ကြောင်း။ (Know yourself)၊ တတိယ K မှာ မိမိအသုံးပြုမည့် ပစ္စည်းများကို သိရှိရမည်ဖြစ်ကြောင်း (Know your materials) ပြောကြားပါ။

၉။ ထို့နောက် ထိရောက်သော ပြန်ကြားဆက်သွယ်ခြင်းတွင် ပြောသူ (Sender)၊ နားထောင်သူ(Receiver)၊ လေ့လာသူ(Observer)တို့တွင် ရှိသင့်ရှိထိုက်သည့် အရည်အချင်းများကို သင်တန်းသားများနှင့် ဆွေးနွေးဖော်ထုတ်ကာ အများမြင်သာအောင် A0 စက္ကူစာရွက်ကြီးတွင် ချရေးပါ။

၁၀။ သင်တန်းသားများမှ ဆွေးနွေးဖော်ထုတ်ထားသော အကြောင်းအရာအချက်အလက်များအား အနှစ်ချုပ်ကာ ထိရောက်သော ပြန်ကြားဆက်သွယ်မှုတွင် တစ်လမ်းသွားစနစ် (One way conmmunication)နှင့် အပြန်အလှန် ပြန်ကြားဆက်သွယ်ခြင်းစနစ် (Two way conmmunication) ဟူ၍ နှစ်မျိုးရှိခြင်း၊ ၎င်းပြန်ကြားဆက်သွယ်ခြင်း စနစ်နှစ်ခုကြား အားနည်းချက်၊ အားသာချက်များ မည်သို့ရှိသည်ကို အထက်တွင် လေ့ကျင့်ခဲ့သော သင်ခန်းစာပေါ်မူတည်၍ အနှစ်ချုပ် ရှင်းလင်းပြောကြားပါ။

## ၉။ Energizer ဂိမ်းကစားခြင်း

## (Bird, Flood, Strom)

**ရည်ရွယ်ချက်**

သင်တန်းသားများ ပြန်လည်လန်းဆန်းစွာ ပါဝင်ဆွေးနွေးနိုင်စေရန်၊ အုပ်စုလိုက်ဆောင်ရွက်တတ်စေရန်၊ ထိရောက်စွာ ပြန်ကြားဆက်သွယ်မှု၏ အရေးပါပုံကို သတိထားမိစေရန်။

**ကြာချိန်** – ၃၀ မိနစ်

**သင်တန်းအထောက်အကူပြုပစ္စည်းများ**

**ဆောင်ရွက်ပုံအဆင့်ဆင့်**

၁။ သင်တန်းသားများအား သုံးယောက်တစ်ဖွဲ့စီ ဖွဲ့ပါ။

၂။ သုံးယောက်တစ်ဖွဲ့မှ နှစ်ဦးအား တစ်ယောက်လက်ကိုတစ်ယောက်ကိုင်၍ လက်များကို လေပေါ်သို့မြှောက်ကာ အိမ်ပုံသဏ္ဍာန်သရုပ်ဆောင်စေပါ။ ကျန်တစ်ဦးအား ၎င်းအိမ်ပုံသဏ္ဍာန် သရုပ်ဆောင်ထားသည့် လူနှစ်ဦးကြားထဲသို့ ငှက်ပုံသဏ္ဍာန် သရုပ်ဆောင်၍ ဝင်နေစေပါ။

၃။ ကျန်အဖွဲ့များကိုလည်း အထက်ပါပုံစံအတိုင်း သရုပ်ဆောင်စေပါ။

၄။ သင်တန်းဆရာမှ ယခုကစားနည်းတွင် ရေကြီး၊ မုန်တိုင်း၊ ငှက် ဟူသော စကားလုံးသုံးလုံးကို အစီအစဉ်လိုက်မဟုတ်ဘဲ အများကြားအောင် ပြောကြားမည်ဖြစ်ကြောင်း၊ ငှက်ဟုပြောလျှင် ငှက်သဏ္ဍာန် သရုပ်ဆောင်

ထားသောလူသည် မိမိနေသောနေရာ(အိမ်)မှ အခြားနေရာသစ်(အိမ်)တစ်ခုသို့ လျင်မြန်စွာ ဝင်ရောက်နေရာယူရမည် ဖြစ်ပါသည်။ ရေကြီးဟုပြောလျှင် ငှက်များရွှေ့လျားရန်မလိုဘဲ ငှက်ရှိသော နေရာများတွင် အိမ်အသစ်များ ပြန်ဆောက်ကြရပါမည်။ မုန်တိုင်းဟုပြောလျှင် မူလရှိပြီးသား ငှက်၊ အိမ်တို့အားလုံး အသစ်ပြန်လည်ဖွဲ့စည်း တည်ဆောက်ကြရပါမည်အကြောင်း ရှင်းပြပါ။

၅။ ထိုသို့ အသစ်တစ်ဖန် ပြန်လည်တည်ဆောက်တိုင်း တစ်ယောက်တည်းကျန်ရှိနေခဲ့သည့် လူတစ်ဦးအား အိမ်နှင့်ငှက် ပုံသဏ္ဌာန်ရှိနေသောအဖွဲ့များ၏ သဘောတူဆုံးဖြတ်ချက်များအရ ၎င်းတို့စိတ်တိုင်းကျ သရုပ်ဖော်လုပ်ဆောင်စေရမည်ဖြစ်ကြောင်းကို သင်တန်းသားများအားလုံးကို ရှင်းလင်းစွာ ပြောကြားထားပါ။ (မှတ်ချက်။ ။ ဤကစားနည်းသည် သင်တန်းသားဦးရေ မဂဏန်းရှိမှသာ ကစား၍ရမည်ဖြစ်ပါသည်။)

## ၁၀။ အသိပညာနှင့် အတတ်ပညာ
## (Skill & Knowledge)

**ရည်ရွယ်ချက်**

ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးရေးလုပ်သားကောင်းတစ်ယောက်အနေဖြင့် သိသင့်သိထိုက်သော အသိပညာနှင့် အတတ်ပညာတို့မှာ ဟန်ချက်ညီညီရှိနေရန် လိုအပ်ကြောင်း သိရှိစေရန်။


**ကြာချိန်** – ၁ နာရီ

**သင်တန်းအထောက်အကူပစ္စည်းများ**

အသိပညာနှင့် အတတ်ပညာ ကာတွန်းပုံ(၃)ပုံ၊ စက္ကူတိပ်

**ဆောင်ရွက်ပုံအဆင့်ဆင့်**

၁။ ဦးစွာပထမ အသိနှင့် အတတ် သုံးပုံထဲမှ အတတ်များပြီး အသိနည်းနေသော သတိနှင့် အတတ်ညီမျှမှု မရှိသည့် IEC ပိုစတာတစ်ခုကို သင်တန်းသားများအား ပြသရပါမည်။



၂။ ၎င်းပုံပေါ်တွင် သင်တန်းသားများ၏ ထင်မြင်ယူဆချက်များကို အချင်းချင်း ပြန်လည်ရှင်းလင်းပြောကြားစေပါ။

၃။ ဒုတိယအကြိမ်တွင် အသိများပြီး အတတ်နည်းနေသော အသိနှင့်အတတ် ညီမျှမှုမရှိသည့် IEC ပိုစတာတစ်ခုကို သင်တန်းသားများအား ထပ်မံပြသပါ။

၄။ ကြည့်ရှုခဲ့သော အတတ်များသည့်ပုံနှင့် ယခု ကြည့်ရှုနေသော အသိများသည့် ပုံနှစ်ပုံကိုယှဉ်ပြီး သင်တန်းသားများအား ပထမပုံစံအတိုင်း ဆွေးနွေးစေပါ။

၅။ တတိယတစ်ပုံအနေဖြင့် အသိနှင့် အတတ် ညီမျှနေသော IEC ပိုစတာတစ်ခု ထပ်မံပြသရပါမည်။

၆။ ထို့သို့ ပြသခဲ့သော အသိနှင့် အတတ် ပိုစတာပုံများကို သင်တန်းသားများအား နှိုင်းယှဉ် ကြည့်ရှုစေကာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေသော ဖွံ့ဖြိုးရေးသမားကောင်းများအနေဖြင့် မိမိလုပ်ကိုင်ဆောင်ရွက်ရသော အခန်းကဏ္ဍတွင် အသိနှင့်အတတ် ညီမျှရန် လိုအပ်ကြောင်း၊ မိမိဆောင်ရွက်မည့် တာဝန်အလိုက် သိရှိထားသင့်သည်များကို လေ့လာမှတ်သားရန်နှင့် တတ်သင့်တတ်ထိုက်သည်များကို ကြိုတင်လေ့ကျင့် ပြင်ဆင်ထားသင့်ကြောင်း၊ သို့မှသာလျှင် မိမိလုပ်ဆောင်လိုသော လုပ်ငန်းများကို ဟန်ချက်ညီစွာဖြင့် အကောင်အထည် ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားခြင်းဖြင့် အဆုံးသတ်ပါ။

## ၁၁။ လူတို့၏ လိုအပ်ချက်(၅)မျိုး
## (Five kinds of Needs)

**ရည်ရွယ်ချက်**

လူတစ်ဦးချင်းစီတွင် မိမိစိတ်ဝင်စားရာ အကြောင်းအရာများ မတူမှုများရှိခြင်း၊ မတူကွဲပြားသော လိုအပ်ချက်များရှိကြောင်းသိရှိ၍ လူအများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ပိုမို ထိရောက်လာစေရန်။

**ကြာချိန်** – ၃၀ မိနစ်

**သင်တန်းအထောက်အကူပစ္စည်းများ**

A0 စက္ကူစာရွက်များ၊ ရောင်စုံ စက္ကူကဒ်ပြားငယ်များ (Color cards)၊ စက္ကူတိပ်များ (Paper tapes)၊ ဆော့ပင် (Marker Pens)

**ဆောင်ရွက်ပုံအဆင့်ဆင့်**

၁။ အဆင်သင့် ပြင်ထားသော လူတို့၏ လိုအပ်ချက်ငါးမျိုး ပိုစတာကို သင်တန်းသားများရှေ့တွင် ကပ်ပါ။

၂။ လူတို့တွင် စိတ်နေသဘောထား ပုံစံများမှာ အမျိုးမျိုးရှိသည့်အနက် စိတ်ဝင်စားမှု ပုံစံများမှာလည်း မတူ

ကွဲပြားစွာရှိနေကြကြောင်း၊ ထို့ကြောင့် လူတို့ လိုအပ်ချက်ပုံစံများမှာလည်း အမျိုးမျိုးရှိကြောင်းကို ဦးစွာ ပြောကြားပါ။

၃။ ထို့နောက် လူတို့၏ လိုအပ်ချက်များ အမျိုးမျိုးရှိသည့်အနက် မနုဿဗေဒပညာရှင် Maslow မှ လူတို့၏ လိုအပ်ချက်များကို အောက်ပါအတိုင်း ခွဲခြမ်းနိုင်ကြောင်းကို ရှင်းပြပါ။

ရင်းတို့မှာ –

(၁) အခြေခံလိုအပ်ချက် (Survival Needs)

(၂) လုံခြုံစိတ်ချရမှုလိုအပ်ချက် (Security Needs)

(၃) အသိုင်းအဝိုင်း လူမှုရေးလိုအပ်ချက် (Self Affilation Needs)

(၄) အသိအမှတ်ပြုခံရရေး စိတ်လိုအပ်ချက် (Recognition Needs)

(၅) အဆုံးမရှိ စွမ်းဆောင်လိုခြင်း (Self Actualifation Needs)

စသည်တို့ဖြစ်ကြောင်းကို တစ်ဆင့်ပြီးတစ်ဆင့် ဆွေးနွေးရှင်းပြခြင်းဖြင့် အဆုံးသတ်ပါ။




## ၁၂။ လူတို့လက်ခံပုံ အဆင့်ဆင့်
## (Adoption Steps)

**ရည်ရွယ်ချက်**

အသိပညာဗဟုသုတများ၊ နည်းစနစ်များ မျှဝေရာတွင် လူတို့ကြား ပျံ့နှံ့ပုံအဆင့်ဆင့်ရှိကြောင်း လက်ခံခြင်းနှင့် ငြင်းပယ်ခြင်းမပြုလုပ်မီ အဆင့်များစွာရှိကြောင်း သိရှိသွားရန်။

**ကြာချိန်** – ၄၅ မိနစ်

**သင်တန်းအထောက်အကူပစ္စည်းများ**

A0 စက္ကူစာရွက်များ၊ ရောင်စုံ စက္ကူကဒ်ပြားငယ်များ (Color cards)၊ စက္ကူတိပ်များ (Paper tapes)၊ ဆော့ပင် (Marker Pens)

### ဆောင်ရွက်ပုံအဆင့်ဆင့်

၁။ လူတို့တွင် စိတ်နေသဘောထားပုံစံများမှာ အမျိုးမျိုးရှိကြောင်း၊ ထို့ကြောင့် အသိပညာများ၊ ဗဟုသုတများ ပြန်လည်မျှဝေရာတွင်လည်း လူတို့ လက်ခံပုံအဆင့်ဆင့်ရှိကြောင်းကို ဦးစွာပထမ ရှင်းလင်းပြောကြားပါ။

၂။ ထို့နောက် အသင့်ရှိပြီးသား လူတို့ လက်ခံပုံအဆင့်ဆင့် ပိုစတာကို သင်တန်းသားများရှေ့တွင် ကပ်ပါ။

၃။ ၎င်းပိုစတာပေါ် ကြည့်ရှုစေကာ လူတို့၏ စိတ်နေသဘောထားများအရ လက်ခံပုံ အောက်ပါအဆင့်(၅)ဆင့် ရှိသည်ကို ရှင်းလင်းပြောကြားပါ။

(က) ဂရုပြုလေ့လာမိခြင်း

(ခ) စိတ်ဝင်စားခြင်း

(ဂ) စမ်းသပ်လုပ်ကိုင်ခြင်း


(ဃ) အကဲဖြတ်ခြင်း

(င) လက်ခံခြင်း၊ ပယ်ချခြင်း

၄။ အထက်တွင် ရှင်းလင်းပြောကြားခဲ့သော အချက်(၅)ချက်သည် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် သတင်းအချက်အလက်များ ဖြန့်ဝေရာတွင်လည်းကောင်း၊ အသိပညာများ၊ ဗဟုသုတများ မျှဝေရာတွင်လည်းကောင်း အဓိကသိရှိထားရန်မှာ အရေးကြီးကြောင်း၊ ထို့ကြောင့် မိမိပေးပို့လိုသော သတင်းအချက်အလက်၊ အကြောင်းအရာ၊ အသိပညာ၊ ဗဟုသုတများပေးရာတွင် တစ်ကြိမ်တစ်ခါတည်း ပြောဆိုဆွေးနွေးရုံမျှဖြင့် မလုံလောက်နိုင်ကြောင်း၊ ထပ်ခါထပ်ခါ ပြောဆိုဆွေးနွေးရင်းဖြင့် ၎င်းတို့၏ စိတ်ဝင်စားမှု မြင့်တက်လာစေရန် ကြိုးစားကြရမည်ဆိုသည့်အကြောင်း၊ ထို့နောက် ၎င်းတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ခွင့်ပေး၍ ရလာသည့် အကျိုးအမြတ်များကို ၎င်းတို့ကိုယ်တိုင် အကဲဖြတ်စေ၍ လက်ခံမည်(သို့)ပယ်ချမည် ဟူသည့် ဆုံးဖြတ်ချက်ကို ချနိုင်စေမှသာ ရေရှည်တည်မြဲမည်ဖြစ်ကြောင်း ပြောကြားခြင်းဖြင့် အဆုံးသတ်ပါ။

## ၁၃။ ရာသီဥတုပြောင်းလဲမှုနှင့် REDD+
## (Climate Change, REDD+)

### ရည်ရွယ်ချက်




သင်တန်းသားများအကြား၌ ရာသီဥတုပြောင်းလဲခြင်း ဆိုင်ရာ သိပ္ပံနည်းကျ အခြေခံအချက်များ၊ အကြောင်းရင်းများ အကျိုးသက်ရောက်မှုများနှင့် ရာသီဥတုပြောင်းလဲမှုလျော့ပါး သွားစေခြင်းနှင့် လိုက်လျောညီထွေဖြစ်စေခြင်းတွင် သစ်တော များ၏အခန်း ကဏ္ဍတို့အား ရှင်းရှင်းလင်းလင်း သိရှိနားလည် သဘောပေါက်စေရန်။

**ကြာချိန်** – ၂း၀၀ နာရီ

**သင်တန်းအထောက်အကူပစ္စည်းများ**

**လက်မခံချင်ပေမယ့် လက်ခံရမည့် အမှန်တရားတစ်ခု–** Al Gore (An Inconvenience Truth) **ဗွီဒီယိုဖိုင်၊** Projector, Projector Stand, **ရုပ်အမြင်နှင့်အသံ နှစ်မျိုးစလုံးပါဝင်သော သင်ကြားမှုစနစ်** (multimedia)**နှင့် လက်ဆွဲကွန်ပျူတာ** (laptop computer)**၊** REDD+ **ပညာပေး ပိုစတာများ။**






**ဆောင်ရွက်ပုံအဆင့်ဆင့်**

၁။ ရာသီဥတုပြောင်းလဲလာခြင်းနှင့် ပတ်သက်သည့် Algore ဗွီဒီယိုမှတ်တမ်းအား ပြသပါ။

၂။ ဗွီဒီယိုဖိုင်ထဲမှ ကမ္ဘာကြီးပူနွေးလာရမှုနှင့် ပတ်သက်သည့် အချို့အကြောင်းအရာများပေါ် သင်တန်းသားများ၏ စိတ်ခံစားချက်များကို မေးမြန်း၍ ဆွေးနွေးပါ။

၃။ ထို့နောက် ကမ္ဘာကြီးပူနွေးလာမှုနှင့် ပတ်သက်၍ ဖန်လုံအိမ်အာနိသင်ဓါတ်ငွေ့အကြောင်းကို ရှင်းလင်းပြောကြားရပါမည်။ ၎င်းဖန်လုံအိမ်ဓါတ်ငွေ့များမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်ငွေ့၊ နိုက်ထရပ်အောက်ဆိုဒ်ဓါတ်ငွေ့၊ မီသိန်း၊ ကလိုရိုဖလိုရို ကာဗွန် စသည့် ကာဗွန်ဓါတ်ငွေ့များကို ပေါင်းပြီး ဖန်လုံအိမ်အာနိသင်ဓါတ်ငွေ့ဟုခေါ်ကြောင်း၊ ထိုဖန်လုံအိမ်အာနိသင်ဓါတ်ငွေ့ကြောင့် ကမ္ဘာကြီး ပူနွေးလာရခြင်းဖြစ်ကြောင်းကို ရှင်းလင်းပြောကြားပါ။

၄။ ဖန်လုံအိမ်အာနိသင်ဓါတ်ငွေ့ ဖြစ်ပေါ်လာရသောအကြောင်းများမှာ လူဦးရေများပြားလာခြင်းကြောင့် လူနေအိုးအိမ်များ အသစ်ထပ်မံဆောက်လုပ်လာခြင်း၊ သစ်ပင်များ အလွန်အကျွံ ခုတ်ခြင်းကြောင့် သစ်တောများ

ပြုန်းတီးလာခြင်း၊ လျှပ်စစ်စွမ်းအင်များ ထုတ်လွှတ်ခြင်း၊ စက်မှုလက်မှုစက်ရုံများ များပြားလာခြင်း စသည်တို့ကြောင့် ကမ္ဘာကြီးထဲတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်များ ပိုမိုများပြားလာကာ ကမ္ဘာကြီးပူနွေးလာမှုများ ဖြစ်ပေါ်ရခြင်းများကို ရှင်းလင်းပြောကြားပါ။

၅။ အသင့်ရှိပြီးထားသော REDD+ ပိုစတာများကို ပြသ၍ REDD+ ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ရှင်းလင်းပြောကြားရမည်ဖြစ်ပါသည်။ REDD+ ဆိုသည်မှာ သစ်တောများ ပျက်စီးပြုန်းတီးလာခြင်းနှင့် သစ်တောအတန်းအစားများ ကျဆင်းလာရခြင်းများမှ ထွက်ပေါ်လာသော ကာဗွန်ထုတ်လွှတ်မှုများကို လျှော့ကျအောင်ပြုလုပ်ခြင်းနှင့် သစ်တောများ ပိုမိုကောင်းမွန်အောင်ပြုလုပ်ခြင်းဖြစ်ကြောင်း အောက်ပါအတိုင်း ရှင်းလင်းပြောကြားပါ။

(၁) R- Reducing (လျှော့ချခြင်း)၊

(၂) E- Emission from (ကာဗွန်ထုတ်လွှတ်မှု)

(၃) D- Deforestation and Forest (သစ်တော ပျက်စီးပြုန်းတီးခြင်း)

(၄) D- Degradation (သစ်တော အတန်းအစားကျဆင်းခြင်း)

(၅) +- Improve Forest, Health better forest, Management enhance carbon stocks (သစ်တော အဆင့်အတန်း ကောင်းမွန်လာခြင်း၊ ပိုမိုကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်မှု၊ ကာဗွန်စျေးကွက် တိုးချဲ့ခြင်း)

၆။ မဝေးတော့သည့် ကာလတွင် လေထုညစ်ညမ်းစေသည့် အဆိပ်ဓါတ်ငွေ့ ထုတ်လွှတ်သည့် ကုမ္ပဏီ/လူပုဂ္ဂိုလ်/အဖွဲ့အစည်းတို့မှ မဖြစ်မနေ ညစ်ညမ်းစေသော ဓါတ်ငွေ့များ လျှော့ပါးစေရေး တာဝန်ယူကြရပေတော့မည်။ ထိုအခါ လေထုညစ်ညမ်းမှုကို သဘာဝအလျောက် လျှော့ချပေးသည့် သစ်ပင်သစ်တောများ ပိုင်ဆိုင်သည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်း/ တိုင်းပြည် နိုင်ငံတို့သည် သစ်ပင်မခုတ်ဘဲ ထိန်းသိမ်းစောင့်ရှောက်၍ ဝင်ငွေများ ရရှိလာနိုင်တော့မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပါ။

၇။ ရာသီဥတု ပြောင်းလဲဖြစ်ပေါ်လာခြင်းကြောင့် ထိခိုက်ပျက်စီးရသည့် အကြောင်းအရင်းများဖြစ်သည့် ရေလွှမ်းမိုးလာရခြင်း၊ ရောဂါထူပြောလာခြင်း၊ မြေလျှောင်လှုပ်ခတ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရာသီဥတု ပိုမိုပူပြင်းလာခြင်း၊ စိုက်ပျိုးသီးနှံများ ပျက်စီးခြင်း၊ ပြောင်းရွှေ့နေထိုင်လာရခြင်း စသည့် အချက်များကို ရှင်းလင်းတင်ပြပါ။

၈။ REDD+ လုပ်ခြင်းကြောင့် ရရှိလာသော အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားရပါမည်။ REDD+ ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် သစ်တောသစ်ပင်များ၏ ကာဗွန်စုတ်ယူမှုများကြောင့် ကာဗွန်ထုတ်လွှတ်သော စက်မှုကုမ္ပဏီများမှ ၎င်းသစ်တောများ၏ ကာဗွန်စုပ်ယူမှုကို ဝယ်ယူခြင်းကြောင့်

ဝင်ငွေ ပိုမိုရရှိလာခြင်း၊ သစ်တောသစ်ပင်များ၏ အဆင့်အတန်း ပိုမိုကောင်းမွန်လာကာ သဘာဝဘေး အန္တရာယ် လျော့နည်းလာခြင်း၊ ရေအရည်အသွေးများ ပိုမိုကောင်းမွန်လာခြင်း၊ လူတို့၏ အခြေခံစားဝတ် နေရေး ပိုမိုအဆင်ပြေလာခြင်း၊ ဂေဟစနစ်ကောင်းမွန်လာခြင်းကြောင့် ဇီဝမျိုးစုံမျိုးကွဲများ ပိုမိုပေါများလာခြင်း၊ ဒေသခံပြည်သူများအနေဖြင့် ကိုယ်ပိုင်သစ်တောများအား ကိုယ်တိုင် စီမံခန့်ခွဲ အုပ်ချုပ်လာနိုင်ခြင်း စသည့် ကောင်းမွန်သော အကျိုးကျေးဇူးများအပြင် အခြားသော အကျိုးကျေးဇူးများကိုလည်း ရရှိနိုင်ကြောင်းကို ရှင်းလင်းပြောကြားခြင်းများဖြင့် အဆုံးသတ်ပါ။

## ၁၄။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာ (Environmental Knowledge)

**ရည်ရွယ်ချက်**


ရာသီဥတု ပြောင်းလဲလာမှုနှင့် ဖန်လုံအိမ်အာနိသင်ဓါတ်ငွေ့ ဖြစ်ပေါ်လာပုံများ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် သစ်ပင် ဆက်စပ်ပုံ၊ ကမ္ဘာကြီးနှင့် သက်ရှိ/လူသားတို့ အသက်ရှင်ရပ်တည်နိုင်ရန်အတွက် သစ်ပင်၏ အရေးကြီးသော အခန်းကဏ္ဍများကို ရှင်းရှင်းလင်းလင်းသိရှိစေရန်။

**ကြာချိန်** – ၁ နာရီ

**သင်တန်းအထောက်ကူပစ္စည်း**

သစ်ပင်အကျိုးကျေးဇူးများ ပေါ်လွင်အောင် ပြင်ဆင်ထားသော Powerpoint, **ကွန်ပျူတာ** Laptop, Projector, Projector stand.



**လုပ်ဆောင်ပုံ အဆင့်ဆင့်**

၁။ သစ်ပင်၏ အကျိုးကျေးဇူးများ ရှင်းလင်းတင်ပြရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပါ။

၂။ Powerpoint မပြသခင် သင်တန်းသားများအား ပိုမိုမှတ်မိစဉ်းစားမိစေရန် သစ်တောသစ်ပင်၏ အကျိုးကျေးဇူးများကို မေးမြန်းဆွေးနွေးခြင်းဖြင့် စတင်ပါ။

၃။ ထို့နောက်အဆင်သင့်ပြင်ထားသော Powerpoint တွင် ပြင်ဆင်ထားသော သစ်ပင်၏ အကျိုးကျေးဇူးများကို အောက်ပါအတိုင်း တစ်ဆင့်ခြင်း ရှင်းလင်းပြောကြားပါ။

၄။ အရွယ်ရောက် သစ်ပင်တစ်ပင်သည် ယေဘုယျအားဖြင့် လူနှစ်ယောက်အသက်ရှင်ရပ်တည်နိုင်သော အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးလျက်ရှိကြောင်း၊ အရွယ်ရောက် သစ်ပင်တစ်ပင်သည် မြေအောက်ရေအဖြစ် ရေဂါလံ(၅၀)ကို ထိန်းသိမ်းပေးထားနိုင်ကြောင်း ဗဟုသုတအနေဖြင့် အလျဉ်းသင့်သလို ထည့်သွင်းပြောကြားပါ။

၅။ ထို့ပြင် မိုးရေရရှိနိုင်ခြင်း၊ မြေအောက်ရေသိုလှောင်ထိန်းသိမ်းထားနိုင်ခြင်း၊ မြေဆီလွှာကောင်းမွန်လာနိုင်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုကောင်းမွန်လာခြင်း၊ ရေတိုက်စားမှုကို ကာကွယ်ပေးနိုင်ခြင်း၊ သစ်တောထွက်ပစ္စည်းများ ရရှိစေခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါ်များလာခြင်းနှင့် သစ်တောသစ်ပင်များရှိခြင်းကြောင့် ရာသီဥတုကောင်းမွန်လာကာ ကောင်းမွန်သော ဂေဟစနစ်တစ်ခုအား ဖန်တီးပေးနိုင်ကြောင်းနှင့် ကောင်းမွန်သော အခြားအကျိုးကျေးဇူးများ ရရှိနိုင်ကြောင်းကို ရှင်းလင်းပြောကြားခြင်းများဖြင့် အဆုံးသတ်ပါ။

## ၁၅။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော
## (Community Forestry)

**ရည်ရွယ်ချက်**

ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်သဘောတရားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ စီမံခန့်ခွဲမှုတွင် ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောသည် အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်နေသည်ဖြစ်ကြောင်းကို သိရှိသွားစေရန်။

**ကြာချိန်** – ၁း၃၀ နာရီ

**သင်တန်းအထောက်အကူပစ္စည်းများ**

A0 စက္ကူစာရွက်များ၊ ရောင်စုံ စက္ကူကဒ်ပြားငယ်များ (Color cards)၊ စက္ကူတိပ်များ (Paper tapes)၊ ဆော့ပင် (Marker Pens)

## ဆောင်ရွက်ပုံအဆင့်ဆင့်

၁။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောဆိုသည်မှာ ဒေသခံများမှ မိမိတို့ ဒေသပိုင်သစ်တောများအား မိမိတို့ ကိုယ်တိုင် စီမံခန့်ခွဲ အကျိုးအမြတ်ခံစားသော ဒေသခံများပါဝင်သည့် သစ်တော စီမံအုပ်ချုပ်မှုလုပ်ငန်းဖြစ်ကြောင်းကို ဦးစွာပြောကြားပါ။

၂။ CF တည်ထောင်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မိမိဒေသတွင်ရှိသော သစ်တောသစ်ပင်များအား လျော့နည်းမသွားစေဘဲ ပိုမိုတိုးပွားလာစေရန်၊ သစ်တောသစ်ပင်များအား အကျိုးများအောင် ပြုလုပ်နိုင်ရန်၊ ဒေသရှိသစ်တောများအား ဒေသခံများကိုယ်တိုင် စီမံခန့်ခွဲ အုပ်ချုပ်နိုင်စေရန် ၎င်းအချက်များကြောင့် ကောင်းမွန်သော လူမှုစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းဖြင့် ဝင်ငွေများတိုးပွားကာ ပိုမိုအဆင်ပြေစေနိုင်ခြင်း စသည်တို့ကို ဆွေးနွေးပြောကြားပါ။

၃။ CF တည်ထောင်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများမှာ ဒေသခံပြည်သူပိုင်သစ်တောအား ဒေသခံပြည်သူများကိုယ်တိုင် နှစ်သုံးဆယ်စီမံအုပ်ချုပ်ပိုင်ခွင့်နှင့် သားစဉ်မြေးဆက် အမွေဆက်ခံပိုင်ခွင့်ရှိခြင်း၊ သစ်တောထွက်ပစ္စည်းများ၏ အကျိုးအမြတ်များ မျှဝေသုံးစွဲပိုင်ခွင့်၊ သစ်တောသီးနှံ ရောနှောစိုက်ပျိုးခြင်းဖြင့် ဝင်ငွေများ ပိုမိုရရှိနိုင်ခြင်း၊ ရေဝေရေလွှဲများ ကောင်းမွန်လာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါ်များလာနိုင်ခြင်း၊ ရာသီဥတု ဖောက်ပြန်မှုများ လျော့နည်းလာက သဘာဝဘေးအန္တရာယ်များ လျော့ကျစေခြင်းနှင့် အခြားသော အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်းကို ရှင်းလင်းပြောကြားပါ။

၄။ CF တည်ထောင်မည်ဆိုပါက လျှောက်ထားပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပါ။

၅။ နီပေါနိုင်ငံတွင် သစ်တောဧရိယာများအား အစိုးရမှ ဒေသခံပြည်သူလူထုထံ (၇၀)ရာခိုင်နှုန်း လွှဲပြောင်းပေးထားပြီးပြီဖြစ်ကြောင်း၊ သို့သော်လည်း CF သည် အစုအဖွဲ့နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရသည့်အတွက် CF တွင် ပါဝင်သူများ၏ ပူးပေါင်းပါဝင်မှု၊ စိတ်ပါဝင်စားမှု၊ လုပ်ကိုင်ဆောင်ရွက်မှုများမှာ အရေးကြီးကြောင်းကို ဆွေးနွေးတင်ပြပါ။

၆။ CF တည်ထောင်မည်ဆိုပါက CF ၏သဘောတရားများကို အဓိကသိရှိထားရန်လိုအပ်ကြောင်း၊ CF သာမက အခြားမည်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်မဆို အဖွဲ့အစည်းလိုက် စုပေါင်းဆောင်ရွက်ရသော ကဏ္ဍတစ်ခုဖြစ်သည့်အတွက် အသိနှင့် အတတ် (knowledge & skill) ညီမျှရန်မှာ အရေးကြီးကြောင်းကို ရှင်းလင်းပြောကြားပါ။

၇။ မြန်မာနိုင်ငံတွင်လည်း တရားဝင်ကြေငြာထားပြီးသော CF အဖွဲ့ပေါင်း (၉၇၃) ဖွဲ့ရှိကြောင်း၊ ၎င်းအဖွဲ့များမှာလည်း အောင်မြင်မှုရာခိုင်နှုန်းမှာ အင်မတန်နည်းပါးနေသေးကြောင်း၊ ထို့ကြောင့် CF တည်ထောင်ခွင့်လက်မှတ် ရရှိရုံတင်မက မိမိဒေသ၊ မိမိတောကို ချစ်တတ်၊ မြတ်နိုးတတ်၊ တန်ဖိုးထားတတ်ဖို့ရန်မှာ အဓိကကျသောအချက်ဖြစ်ကြောင်း အရေးကြီးကြောင်းကို ရှင်းလင်းပြောကြားခြင်းဖြင့် အဆုံးသတ်ပါ။

## ၁၆။ လူထုပူးပေါင်းပါဝင်ရေးဆွဲခြင်း၏ သဘောတရား (Principles of participatory mapping)

**ရည်ရွယ်ချက်**

PRA ဖြစ်ပေါ်လာပုံများကို သိရှိစေရန် လူထုပူးပေါင်းပါဝင်သော သုသေတနပြုလုပ်မှု ပုံစံများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် PRA လုပ်ငန်းများ၏ အသုံးဝင်ပုံများအပေါ် သိရှိစေရန်နှင့် သင်တန်းတွင်း ဆွေးနွေးလေ့ကျင့်မည့် PRA နည်းစနစ်များကို သိရှိသွားစေရန်။

**ကြာချိန်** – ၄၅ မိနစ်

**ဆောင်ရွက်ပုံအဆင့်ဆင့်**

၁။ PRA ဖြစ်ပေါ်လာရသော အကြောင်းရင်းကို ဦးစွာပထမ ရှင်းလင်းပြောကြားရမည်ဖြစ်ပါသည်။ (PRA ဖြစ်ပေါ်လာရခြင်းမှာ တရားမမျှတမှု ၊ ဆင်းရဲမွဲတေမှုနှင့် ကောင်းမွန်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင်လည်းကောင်း၊ အပေါ်မှအောက်သို့ သမားရိုးကျစနစ်မဟုတ်ဘဲ အကြောင်းအရာ အခြေအနေတစ်ခုအား အားလုံးပူးပေါင်းပါဝင်ခြင်းဖြင့် ရှုထောင့်ပေါင်းစုံမှ အကြံပေးဆုံးဖြတ်နိုင်ခြင်းနှင့် ငွေကြေးကုန်ကျမှု သက်သာစေခြင်းများကြောင့် အပြည်ပြည်ဆိုင်ရာ သုသေတနဖွံ့ဖြိုးရေးလုပ်ငန်းများမှ သမားရိုးကျ သုတေသနပုံစံများကို အစားထိုးပေါ်ပေါက်လာခြင်းဖြစ်သည်။)

၂။ သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ သင်တန်းကာလအတွင်း PRA နည်းလမ်းများထဲမှ သယံဇာတပြမြေပုံ (Resource map)၊ ကျေးရွာမြေပုံ (Village map)၊ ရာသီခွင်ပြပြက္ခဒိန် (Seasonal calendar)၊ ကန့်လန့်ဖြတ် လမ်းလျှောက်ခြင်း (Transect walk) စသည့် နည်းလမ်းများကို ဆွေးနွေးသွားမည်ကို ရှင်းလင်းပြောကြားပါ။

၃။ PRA နည်းလမ်းများ ဆောင်ရွက်ရာတွင် အချင်းချင်း သိရှိထားသော အတွေ့အကြုံ၊ ဗဟုသုတများ မျှဝေခြင်း (sharing resource)၊ အမြင်အားဖြင့် နားလည်လွယ်စေခြင်း (Visualization) ပူးပေါင်းပါဝင်ခြင်း (Participatory)၊ သတင်းအချက်အလက်များ မျှဝေခြင်း(Information Sharing)၊ အုပ်စုလိုက်ဆွေးနွေးခြင်း (Group dynamic)များ လိုအပ်ကြောင်းကို ရှင်းလင်းပြောကြားခြင်းဖြင့် အဆုံးသတ်ပါ။

## ၁၇။ သဘာဝသယံဇာတအရင်းအမြစ်ပြမြေပုံ
## (Resource Map)

**ရည်ရွယ်ချက်**

ကျေးရွာ၏ လက်ရှိအသုံးပြုနေသော သယံဇာတ အရင်းအမြစ်များ(သို့)နည်းစနစ်များ ထပ်မံဖော်ထုတ်နိုင်၊ ရရှိနိုင်သော သယံဇာတအရင်းအမြစ်များ၊ မျိုးတုန်းပျောက်ကွယ်လျက်ရှိသော သဘာဝအရင်းအမြစ်များ၊ လက်ရှိ လုပ်ကိုင်နေသော နည်းစနစ်များအပေါ် အခြေခံ၍ ပိုမိုကောင်းမွန်သော နည်းစနစ်များဖော်ထုတ်ဆောင်ရွက်နိုင်ရန်။

**ကြာချိန်** – ၁ း ၃၀ နာရီ

**သင်တန်းအထောက်အကူပစ္စည်းများ**

A0 စက္ကူစာရွက်များ၊ ရောင်စုံ စက္ကူကဒ်ပြားငယ်များ (Color cards)၊ စက္ကူတိပ်များ (Paper tapes)၊ ဆေးပင် (Marker Pens) ခဲတံ (Pencil)၊ ခဲဖျက် (Eraser)



**ဆောင်ရွက်ပုံအဆင့်ဆင့်**

၁။ ကျေးရွာ သယံဇာတမြေပုံရေးဆွဲရခြင်း၏ ရည်ရွယ်ချက်ကို ဦးစွာပြောကြားပါ။

၂။ မြေပုံရေးဆွဲရန်အတွက် ကျေးရွာအခြေအနေအကြောင်း နှံ့စပ်ကျွမ်းကျင်သော ဒေသခံများ အဓိကပူးပေါင်း ပါဝင်ရန်လိုအပ်ကြောင်းနှင့် ကျေးရွာ၏သမိုင်း၊ ကျေးရွာ၏ လက်ရှိအခြေအနေကို သိရှိနိုင်မည်ဖြစ်ကြောင်းကို ရှင်းလင်းပြောကြားရပါမည်။

၃။ ထို့နောက် ကျေးရွာသယံဇာတပြမြေပုံရေးဆွဲရာတွင် ပါဝင်ရမည့် အောက်ပါအချက်များကို ရှင်းလင်းပြော ကြားပါ။

(၁) ကျေးရွာနယ်နမိတ် အပိုင်းအခြား

(၂) လမ်း၊ တံတား၊ အဆောက်အဦး (ဆက်သွယ်ရေးအခြေအနေ)

(၃) တောတောင်၊ သစ်ပင်အမျိုးအစား

(၄) ရေတွင်း၊ ရေကန်

(၅) မြစ်၊ ချောင်း

(၆) မြေအမျိုးအစား(စိုက်၊ မွေး၊ စားကျက်မြေ၊ အစိုးရပိုင်မြေ)

(၇) သစ်တော သယံဇာတအရင်းအမြစ်များ (သစ်ပင်၊ တောရိုင်းတိရစ္ဆာန်)

(၈) အခြားမြေအသုံးချမှုပုံစံများ

(၉) အသစ်ဖော်ထုတ်ရန် ရရှိနိုင်သည့် သယံဇာတအရင်းအမြစ်နေရာများ၊

(၁၀) မြေပုံခေါင်းစဉ်နှင့် ရေးဆွဲသည့် ရက်စွဲ၊

(၁၁) မြေပုံရေးဆွဲသူတို့၏ အမည်နှင့် လက်မှတ်များ

၄။ အထက်ပါ အကြောင်းအရာများ ဆွေးနွေးပြောပြပြီးပါက သင်တန်းသားများအား အုပ်စု(၆)စုခွဲကာ သင်တန်းသားများ သိကျွမ်းပြီးသား ကျေးရွာတစ်ရွာ၏ပုံကို အစမ်းလေ့ကျင့် ရေးဆွဲစေပါ။

၅။ ထိုသို့ လေ့ကျင့် ရးဆွဲပြီးပြီဆိုပါက အဖွဲ့ကိုယ်စား တစ်ယောက်က အဖွဲ့မှ ရေးဆွဲထားသော ကျေးရွာသယံဇာတပြမြေပုံကို အခြားအဖွဲ့များအား တင်ပြစေပါ။

၆။ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပါ။

## ၁၈။ ကျေးရွာပြမြေပုံ
## (Village Map)

**ရည်ရွယ်ချက်**

စီမံကိန်းလုပ်ငန်းများတွင် ပါဝင်ပတ်သက်သူများ၏ နေအိမ်တည်နေရာများ၊ စီမံကိန်းအား ကူညီပံ့ပိုးပေးနိုင်မည့် ကျေးရွာခေါင်းဆောင်ကောင်းများ၊ လမ်း၊ တံတား၊ အဆောက်အဦအခြေအနေ၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများကို သိရှိစေရန်။

**ကြာချိန်** – ၁း၃၀ နာရီ

**သင်တန်းအထောက်အကူပစ္စည်းများ**

A0 စက္ကူစာရွက်များ၊ ရောင်စုံ စက္ကူကဒ်ပြားငယ်များ (Color cards)၊ စက္ကူတိပ်များ (Paper tapes)၊ ဆေးပင် (Marker Pens) ခဲတံ (Pencil)၊ ခဲဖျက် (Eraser)



**ဆောင်ရွက်ပုံ အဆင့်ဆင့်**

၁။ ကျေးရွာပြမြေပုံရေးဆွဲခြင်း၏ ရည်ရွယ်ချက်ကို ဦးစွာရှင်းလင်းပြောကြားပါ။

၂။ ကျေးရွာပြမြေပုံရေးဆွဲရာတွင် အဓိကပါဝင်ရမည့် အောက်ပါအချက်များကို ရှင်းလင်းပြောကြားထားရန် လိုအပ်ပါသည်။

ကျေးရွာပြမြေပုံတွင် ပါဝင်ရမည့်အချက်များမှာ–

(၁) လမ်း၊ တံတား

(၂) အဆောက်အဦးများ (ဆေးပေးခန်း၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊)

(၃) သောက်သုံးရေ ရရှိသည့် နေရာများ

(၄) စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ကျွမ်းကျင်သူတို့၏ တည်နေရာများ

(၅) ကျေးရွာအကြောင်း နှံ့စပ်ကျွမ်းကျင်သူတို့၏ တည်နေရာများ

(၆) သစ်တောများနှင့် ပတ်သက်၍ နှံ့စပ်ကျွမ်းကျင်သူတို့၏ တည်နေရာများ

(၇) အုပ်ချုပ်ရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် အရေးပါအရာရောက်သူများ၏ တည်နေရာများ

(၈) စီမံကိန်းလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနိုင်သည့် အခြားအသိပညာ၊ အတတ်ပညာရှင်များ၏ တည်နေရာများ

၃။ အထက်ပါ အကြောင်းအရာများ ဆွေးနွေးပြောပြပြီးပါက သင်တန်းသားများအား အုပ်စု(၆)စုခွဲကာ သင်တန်းသားများ သိကျွမ်းပြီးသား ကျေးရွာတစ်ရွာ၏ပုံကို အစမ်းလေ့ကျင့် ရေးဆွဲစေပါ။

၄။ ထိုသို့ လေ့ကျင့်ရေးဆွဲပြီးပြီဆိုပါက အဖွဲ့ကိုယ်စား တစ်ယောက်က အဖွဲ့မှ ရေးဆွဲထားသော ကျေးရွာသယံဇာတပြမြေပုံကို အခြားအဖွဲ့များအား တင်ပြစေပါ။

၅။ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပါ။

# ၁၉။ စနအဆင့်သတ်မှတ်ခြင်း
# (Wealth ranking)

## ရည်ရွယ်ချက်

ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဝမ်းစာဖူလုံမှု၊ မဖူလုံမှု၊ ပညာရေး စသည့် ကဏ္ဍများတွင် လက်ရှိအခြေအနေမှ ပိုမိုကောင်းမွန်သော အခြေအနေသို့ ရောက်ရှိစေရန်နှင့် ဖွံ့ဖြိုးရေး စီမံချက်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ကျေးရွာလူထုနှင့် ပတ်သက်၍ မှန်ကန်သော ရွေးချယ်မှုများ ရရှိစေရန်။

**ကြာချိန်** – ၁း၃၀နာရီ (အိမ်ထောင်စု အနည်းအများပေါ် မူတည်ပါသည်။)

## သင်တန်းအထောက်အကူပစ္စည်းများ

အိမ်ထောင်စုဇယား၊ ရိက္ခာဖူလုံမှု အမှတ်ပေးဇယား၊ ရောင်စုံစက္ကူ စက်ဝိုင်း ကြီး–၅ ခု၊ လတ်–၅ ခု၊ သေး–၅ ခု၊ ဆော့ပင်။

## ဆောင်ရွက်ပုံအဆင့်ဆင့်

၁။ စနအဆင့် သတ်မှတ်ခြင်း ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ဦးစွာပထမ ပြောကြားပါ။

၂။ စက္ကူစက်ဝိုင်းကြီးပေါ်တွင်(၃)၊ အလတ်ပေါ်တွင်(၂)နှင့် အငယ်ပေါ်တွင် (၁)ဟု ဆော့ပင်(Marker pen)ဖြင့် ထင်အောင်ရေးသားထားပါ။



၃။ စက္ကူစက်ဝိုင်းကြီးသည် စားနပ်ရိက္ခာ ဖူလုံ၊ အရွယ်အလတ် စက္ကူသည် စားနပ်ရိက္ခာ အသင့်အတင့်နှင့် အငယ်ဆုံး စက္ကူသည် စားနပ်ရိက္ခာ အဖူလုံ စသည့် သတ်မှတ်ချက်များကို နားလည်အောင်ရှင်းပြပါ။

၄။ ကျေးရွာလူထုကိုယ်စားအဖြစ် သရုပ်ဆောင်စေရန်အတွက် ကျား၊ မ တန်းတူညီစေရန်ရည်ရွယ်၍ သင်တန်းသား (၅)ဦး၊ သင်တန်းသူ(၅)ဦးတို့ကို ကျောချင်းကပ် (Opposite) ထိုင်စေရပါမည်။

၅။ အဖွဲ့ဝင်တစ်ဦးလျှင် စက္ကူဝိုင်း ကြီး၊ လတ်၊ ငယ် သုံးခုစီဝေပါ။

၆။ ထို့နောက် ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်ခွဲမည့် ကျေးရွာ အိမ်ထောင်စု နာမည်များကို Flip chart ပေါ်တွင် ချရေးထားရပါမည်။

၇။ ချရေးထားသော အိမ်ထောင်စုနာမည်များကို အားလုံးကြားအောင် ခေါ်ပေးပါ။

၈။ အိမ်ထောင်စုတစ်စု၏ နာမည်ကိုခေါ်တိုင်း ခေါ်တိုင်းတွင် မဲပေးရန် အဆင်သင့်ဖြစ်နေသည့် သင်တန်းသား အဖွဲ့ဝင်များမှ မိမိတို့ရရှိထားသောစက္ကူဝိုင်းထဲမှ ကြိုက်နှစ်သက်သည့် အရွယ်အစားကို ကိုင်မြှောက်ကာ မဲပေးစေပါ။ အဖွဲ့ဝင်များ မြှောက်ပြသော စက္ကူဝိုင်းပေါ်မှ အမှတ်များကို ပေါင်းပြီး အမှတ်ပေးဇယားတွင် ရေးသွင်းပါ။

၉။ အိမ်ထောင်စုအားလုံးပြီးသွားပြီဆိုပါက ရရှိလာသောအမှတ်ပေးဇယားတွင် ရေးသွင်းထားသော အမှတ်များကို (အိမ်ထောင်စုတစ်စုခြင်းအလိုက် (ကျား) အမြင် ရမှတ်နှင့် (မ) အမြင်) တစ်ဦးချင်းအလိုက် စုစုပေါင်း၍ အောက်ပါအတိုင်း သတ်မှတ်ပါ။

ရမှတ်ပေါင်း (၁၀ နှင့် ၁၆) ကြားအား ရိက္ခာမဖူလုံသော အုပ်စု၊

ရမှတ်ပေါင်း (၁၇ နှင့် ၂၃) ကြားအား အသင့်အတင့်ဖူလုံသော အုပ်စု၊

ရမှတ်ပေါင်း (၂၄ နှင့် ၃၀) ကြားအား ရိက္ခာဖူလုံသော အုပ်စုဟူ၍ ခွဲခြားသတ်မှတ်ပါ။

## ၂၀။ ကန့်လန့်ဖြတ်လမ်းလျှောက်ခြင်း
## (Transect Walk)

**ရည်ရွယ်ချက်**

ကျေးရွာ၏ မြေမျက်နှာပြင် အနေအထား၊ သစ်တော၊ သစ်ပင်များ၏ အခြေအနေ၊ လူမျိုး၊ ကိုးကွယ်ယုံကြည်မှု၊ မြေအမျိုးအစား၊ စိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေ၊ တောရိုင်းတိရစ္ဆာန်များ၏ အခြေအနေများကို သိရှိရန်။

**ကြာချိန်** – ၃း၀၀ နာရီ

**သင်တန်းအထောက်အကူပစ္စည်းများ**

A0 စက္ကူစာရွက်များ၊ ရောင်စုံ စက္ကူကဒ်ပြားငယ်များ (Color cards)၊ စက္ကူတိပ်များ (Paper tapes)၊ ဆေးပင် (Marker Pens) ခဲတံ (Pencil)၊ ခဲဖျက် (Eraser)

**ဆောင်ရွက်ပုံ အဆင့်ဆင့်**

၁။ ကန့်လန့်ဖြတ်လမ်းလျှောက်ခြင်း ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်ကို ဦးစွာပြောကြားပါ။

၂။ ကန့်လန့်ဖြတ်လမ်းလျှောက်ခြင်းတွင် အောက်ပါအချက်များ ပါဝင်ရမည်ကို ပြောကြားပါ။



(က) အိမ်အခြေအနေ

(ခ) လူမျိုးစု/ မျိုးနွယ်စု

(ဂ) လမ်းအခြေအနေ

(ဃ) ကျောင်း၊ ဆေးပေးခန်းများအခြေအနေ

(င) သစ်ပင် အမျိုးအစား၊ သစ်တောအခြေအနေ

(စ) ထင်းလောင်စာရရှိမှု

(ဆ) စိုက်ပျိုးသီးနှံများဖြစ်ထွန်းမှု

(ဇ) မြေအထူအပါး၊ အရောင်၊ ကောင်း/သင့်/ညံ့

(ည) မြစ်ချောင်းများ၏ အခြေအနေ

၃။ အဖွဲ့များခွဲ၍ ကျေးရွာတွင်းအား လမ်းလျှောက်စေခြင်းဖြင့် လက်တွေ့စမ်းသပ် လေ့ကျင့်စေပါ။

၄။ လေ့ကျင့်မည့်အဖွဲ့တိုင်းတွင် တွေ့ရှိသည်များကို မှတ်သားရန်အတွက် မှတ်စုမှတ်ရန် စာအုပ်၊ ဖောင်တိန် စသည့်ပစ္စည်းများကို တစ်ပါတည်းယူသွားရန် လိုအပ်ကြောင်းကိုပါ ပြောကြားရပါမည်။

၅။ ကျေးရွာတွင်း ကန့်လန့်ဖြတ်လျှောက်ခြင်းမှ ရရှိလာသော အချက်အလက်များကို Flip chart ပေါ်တွင် ရေးဆွဲစေပါ။

၆။ အဖွဲ့အသီးသီးမှ ရေးဆွဲထားသော ကန့်လန့်ဖြတ်မြေပုံအား အဖွဲ့ကိုယ်စားပြု ကိုယ်စားလှယ်တစ်ယောက်မှ ရှင်းလင်းပြောကြားစေပါ။

၇။ အားနည်းချက်/အားသာချက်များကို ကျန်အဖွဲ့များနှင့် ဆွေးနွေးဖော်ထုတ်၍ အဆုံးသတ်ပါ။

## ၂၀။ ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်
## (Seasonal Calendar)

**ရည်ရွယ်ချက်**

ရာသီအလိုက် ပြောင်းလဲနေသော အလုပ်အကိုင်များ၊ ဝင်ငွေရရှိမှုများ၊ ရေရရှိမှုများ၊ ရောဂါပိုးမွှားကျရောက်မှု အန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုများ၊ ဘာသာရေးပွဲတော်များ ကျင်းပသည့် အချိန်များအား သိရှိစေရန် ၎င်းအပေါ်အခြေခံ၍ စီမံကိန်းလုပ်ဆောင်မည့် အချိန်ကာလများကို ပိုင်းခြားသတ်မှတ်နိုင်ရန်။

**ကြာချိန်** – ၁း၃၀ နာရီ

**သင်တန်းအထောက်အကူပစ္စည်းများ**

A0 စက္ကူစာရွက်များ၊ ရောင်စုံ စက္ကူကဒ်ပြားငယ်များ (Color cards)၊ စက္ကူတိပ်များ (Paper tapes)၊ ဆော့ပင် (Marker Pens) ခဲတံ (Pencil)၊ ခဲဖျက် (Eraser)

**ဆောင်ရွက်ပုံ အဆင့်ဆင့်**

၁။ ရာသီခွင်ပြပြက္ခဒိန် ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်ကို ဦးစွာပြောကြားပါ။

၂။ A0 စာရွက်ကြီးကို အသုံးပြု၍ ကဏ္ဍအလိုက် စက်ဝိုင်းတစ်ဝိုင်းပေါ်တစ်ဝိုင်း ထပ်ဆွဲပါ။
(မှတ်ချက်–ကဏ္ဍများလေ စက်ဝိုင်းများလေဖြစ်ပါသည်။)

၃။ လ(၁၂)လအတွက် အကွက်(၁၂)ဖြစ်ရန် စက်ဝိုင်းများကို ပိုင်းခြားသတ်မှတ်ပါ။

၄။ အောက်ပါကဏ္ဍအလိုက် တစ်ခုချင်း ဆွေးနွေးပါ။



(၁) အလုပ်အကိုင်

(၂) ဝင်ငွေ၊ ထွက်ငွေ

(၃) ရေရရှိမှု

(၄) ဝမ်းစာဖူလုံမှု

(၅) ဆားငန်ရေဝင်ရောက်မှု

(၆) ရောဂါပိုးမွှားများ ကျရောက်မှု

(၇) သဘာဝဘေးအန္တရာယ်ကျရောက်မှု

(၈) ဘာသာရေးပွဲတော်

(၉) တိရစ္ဆာန်အစားအစာ

အထက်ပါ အကြောင်းအရာများအပြင် နေရာဒေသအလိုက် အကြောင်းအရာများ တိုးနိုင်ပါသည်။

၅။ ထို့နောက် အုပ်စုခွဲကာ ကျေးရွာတစ်ရွာ၏ ကျေးရွာရာသီခွင်ပြပြက္ခဒိန်အား ရေးဆွဲစေ၍ အစမ်းလေ့ကျင့်ရေးဆွဲပြီးပြီဆိုပါက ရေးဆွဲထားသည့် အဖွဲ့ကိုယ်စားပြုတစ်ယောက်မှ အခြားအဖွဲ့များရှေ့တွင် ပြန်လည်ရှင်းလင်းတင်ပြရမည်ဖြစ်ပါသည်။

## ၂၂။ ကျေးရွာသမိုင်းကြောင်းပြမြေပုံ
## (Histogram)

### ရည်ရွယ်ချက်

မေ့လျော့နေသည့် အကြောင်းအရာများ၊ သတင်းအချက်အလက်များ၊ အဖြစ်အပျက်များကို ကာလအပြောင်းအလဲ အချိန်အပိုင်းအခြားအလိုက် ပြန်လည်မှတ်မိ ပုံပေါ်လာစေရန်။

**ကြာချိန်** – ၁း၃၀ နာရီ

### သင်တန်းအထောက်အကူပစ္စည်းများ

A0 စက္ကူစာရွက်များ၊ ရောင်စုံ စက္ကူကဒ်ပြားငယ်များ (Color cards)၊ စက္ကူတိပ်များ (Paper tapes)၊ ဆေးဘုပင် (Marker Pens) ခဲတံ (Pencil)၊ ခဲဖျက် (Eraser)

### ဆောင်ရွက်ပုံအဆင့်ဆင့်

၁။ ကျေးရွာသမိုင်းကြောင်းပြမြေပုံရေးဆွဲရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းစွာပြောကြားပါ။

၂။ ကျေးရွာသမိုင်းကြောင်းအား မှတ်မိသည့် အချိန်ကာလတစ်ခုကို သတ်မှတ်၍ သမိုင်းဖြစ်စဉ်များကို နှစ်အပိုင်းအခြားအလိုက် ဇယားကွက်များ ဆွဲပါ။ (နှစ်အပိုင်းအခြားမှာ ဒေသခံများ မှတ်မိသည့်အချိန်ပေါ် မူတည်၍ ယခုနှစ် အချိန်ထိ ၅ နှစ်ခြား (သို့) ၁၀ နှစ်ခြား သတ်မှတ်နိုင်ပါသည်။)

၃။ ထို့နောက် အောက်ပါကဏ္ဍများ ပြောင်းလဲလာပုံများကို နှစ်အလိုက် ဆွေးနွေးပါ။

(က) အိမ်ထောင်စု/ လူဦးရေ

(ခ) သစ်ပင်/ သစ်တောအခြေအနေ (ထင်းလောင်စာရရှိမှု)

(ဂ) လူမျိုးစု/ဘာသာရေး

(ဃ) ရေအရင်းအမြစ်

(င) ကျန်းမာရေး၊ ပညာရေး

(စ) စိုက်ပျိုးရေး၊ မွေးမြူရေး

(ဆ) သဘာဝဘေးအန္တရာယ်များ

(ဇ) တောရိုင်းတိရိစ္ဆာန်

(ဈ) ရာသီဥတု



(ည) အခက်အခဲများ ရှိခဲ့ပုံ / ဖြေရှင်းဆောင်ရွက်ပုံ

(ဒေသအပေါ်မူတည်၍ အကြောင်းအရာများ များပြားနိုင်ပါသည်။)

၄။ အဖွဲ့(၄)ဖွဲ့ခွဲ၍ ကျေးရွာတစ်ရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်အား အစမ်းလေ့ကျင့် ရေးဆွဲစေပါ။

၅။ အဖွဲ့အသီးသီး၏ ရေးဆွဲလေ့ကျင့်ထားသော ရာသီခွင်ပြ ပြက္ခဒိန်အား အဖွဲ့ကိုယ်စားပြု တစ်ယောက်မှ အခြားအဖွဲ့များအား ထပ်မံရှင်းလင်းခြင်းဖြင့် အားနည်းချက်၊ အားသာချက်များကို သုံးသပ်အဖြေရှာ၍ အဆုံးသတ်ပါ။

၆။ အနှစ်ချုပ်အနေဖြင့် သင်တန်းဆရာမှ လူထုပူးပေါင်းပါဝင်သော PRA နည်းလမ်းများကို ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန်အတွက် လက်ရှိဆွေးနွေးသော အကြောင်းအရာတစ်ခုတွင်သာ ဆွေးနွေးပြောကြားခြင်းမျိုး မဟုတ်ဘဲ အကြောင်းအရာ၏ နောက်ဆက်တွဲ အချက်အလက်များကိုပါ အာရုံစူးစိုက်၍ သတိတရမေးမြန်းရန်မှာလည်း အလွန်ပင်အရေးကြီးကြောင်း၊ ထို့ပြင် ဒေသခံများ၏ စိတ်ကူးယဉ်အိမ်မက်၊ မျှော်လင့်ချက်များကိုပါ ထည့်သွင်းမေးမြန်းသင့်ရန် လိုအပ်ကြောင်းအား ထည့်သွင်းဆွေးနွေးခြင်းဖြင့် အဆုံးသတ်ပါ။

## ၂၃။ သစ်တောသယံဇာတစာရင်းကောက်ယူခြင်း (Inventory)

**ရည်ရွယ်ချက်**

သစ်တောသယံဇာတ ကောက်ယူရာတွင် နမူနာကွက်များ သတ်မှတ်တိုင်းတာခြင်း၊ သတ်မှတ်ထားသော သစ်တောနမူနာကွက်အတွင်းမှ သစ်ပင်၏ လုံးပတ်၊ အပင်အမြင့်၊ အမျိုးအစား၊ အသုံးဝင်ပုံနှင့် သစ်ထုထည်တို့ကို တွက်ချက်တတ်စေရန်။

**ကြာချိန်** – ၂ နာရီ

**သင်တန်းအထောက်အကူပစ္စည်းများ**

A0 စက္ကူစာရွက်များ၊ ရောင်စုံ စက္ကူကဒ်ပြားငယ်များ (Color cards)၊ စက္ကူတိပ်များ (Paper tapes)၊ ဆေးဘောပင် (Marker Pens) ခဲတံ (Pencil)၊ ခဲဖျက် (Eraser)

**ဆောင်ရွက်ပုံ အဆင့်ဆင့်**

၁။ သစ်တောသယံဇာတ စာရင်းအား ကောက်ယူခြင်းကဏ္ဍအား ဆွေးနွေးရာတွင် ရည်ရွယ်ချက်အနေဖြင့် ဦးစွာပထမ ကျေးရွာပတ်ဝန်းကျင်ရှိ တောတောင်များအတွင်း ပေါက်ရောက်လျက်ရှိသော သစ်ပင်အမျိုး

အစားများ၊ အရွယ်အစားနှင့် အပင်အမြင့်များကို မှတ်တမ်းတင်နိုင်ရန်၊ ထိုသို့ နမူနာကွက်အလိုက် မှတ်တမ်းတင်ပြုစုထားခြင်းဖြင့် သစ်ပင်အမျိုးအစားများ၊ အရေအတွက် တိုးလာခြင်း(သို့) လျော့လာခြင်းများကို နောင်တစ်ချိန် ပြန်လည်ကောက်ယူရာတွင် သိရှိနိုင်ကြောင်း၊ ထိုသို့ နမူနာကွက်အလိုက် သစ်တောသယံဇာတစာရင်းများ ကောက်ယူထားခြင်းဖြင့် အခြား ပြင်ပသစ်တောသုသေတနပညာရှင်များမှ သုတေသနပြုလုပ်ရန်အတွက် ပိုမိုလွယ်ကူကြောင်း စသည့် ကောင်းကျိုးများ ရရှိနိုင်ကြောင်းကို ရှင်းလင်းပြောကြားပါ။

၂။ သစ်တောသယံဇာတ စာရင်းကောက်ယူမည့် ပုံစံများကို အဆင့်အလိုက် အောက်ပါအတိုင်းရှင်းလင်းပြောကြားပါ။

(က) ဧရိယအကွက်တိုင်းတာခြင်း

(ခ) အပင်အမည် မှတ်သားခြင်း

(ဂ) အပင်မြင့်တိုင်းတာခြင်း

(ဃ) လုံးပတ်တိုင်းတာခြင်း

(င) ကောက်ယူရရှိသောသစ်တောသယံဇာတစာရင်းများအားမှတ်တမ်းတင်ပြုစုခြင်း (List of forest inventory)

**(က) ဧရိယာအကွက်တိုင်းတာခြင်း**

(၁) သစ်တောဧရိယာတိုင်းတာမည်ဆိုပါက တစ်ဧကတွင်ရှိသော စတုရန်းပေ အရေအတွက်ကို သိရှိထားရန်လိုအပ်သည်။ (1Ac=66 chains, 1chain = 22 yards, 1Ac = 43560 square feets)

(၂) တိုင်းတာမည့်တော၏ ကောင်း၊ သင့်၊ ညွှ အကွက်သုံးကွက်အား ဦးစွာ သတ်မှတ်ရန်လိုပါသည်။

(၃) ထိုသို့ သတ်မှတ်ပြီးပြီဆိုပါက တစ်ဧကအကွက်များ တိုင်းတာသတ်မှတ်ရပါမည်။ ဦးစွာပထမ မိမိတိုင်းတာမည့် အကွက်ထောင့်စွန်းတွင် ဘုတ်တိုင်တစ်ချောင်း စိုက်ပါ။



(၄) အရှည် (၃ ပေ၊ ၄ ပေ၊ ၅ ပေ) ရှည်သည့် တုတ်သုံးချောင်းကို အဆင့်သင့် ထားရှိပါ။ ထိုတုတ် ချောင်းများကို စိုက်ထားသော ငုတ်တိုင်ကို ထောင့်နေရာတွင်ထားကာ ထောင့်မှန်တြိဂံပုံစံ နေရာချပါ။ တိုင်းတာမည့်ကြိုးကို ထောင့်မှန်တြိဂံပုံစံအတိုင်း ဒုတိယထောင့်တစ်နေရာသို့ ထပ်ပြီး ကြိုးကို ဆုံးသည်အထိ ဆွဲရပါမည်။ ကြိုးဆုံးသည့်နေရာတွင် ဒုတိယဘုတ်တိုင်တစ်ချောင်း စိုက်ပါ။ တစ်ဧက အကွက်တစ်ကွက်ရရှိစေရန် အခြားငုတ်တိုင်များကိုလည်း ထိုနည်းအတိုင်း အရှည်

(၃ ပေ၊ ၄ ပေ၊ ၅ ပေ) ရှည်သည့် တုတ်သုံးချောင်းကို ထောင့်မှန်တြိဂံပုံစံအတိုင်း ပုံဖော်ကာ တိုင်းတာခြင်းဖြင့် ရရှိနိုင်ပါသည်။

(မှတ်ချက်။ ။ တောတစ်တောတွင် ကောင်း၊ သင့်၊ ညံ့ အကွက်စိပ်စိပ် သတ်မှတ်တိုင်းတာမည်ဆိုပါက ပိုမိုတိကျ၍ ကောင်းမွန်ပါသည်။)

## (ခ) အပင်နာမည်မှတ်သားခြင်း



(၁) အပင်နာမည်မှတ်သားရန်အတွက် အပင်အမည်သိရှိသော လူတစ်ဦး အနည်းဆုံး ပါဝင်ရပါမည်။

(၂) သစ်ပင်အမျိုးအမည် သိရှိသောလူ၏ အကူအညီဖြင့် တွေ့ရှိသည့် အပင်အမျိုးအမည်ကို မှတ်စုလိုက်မှတ်မည့်သူမှ စာရွက်ပေါ်တွင် ရေးမှတ်ရပါမည်။

## (ဂ) အပင်အမြင့်တိုင်းတာခြင်း

(၁) ထောင့်မှန်တြိဂံပုံသဏ္ဌာန်ရှိသည့် တြိဂံတစ်ခုအား အဆင်သင့် ရှိရပါမည်။



(၂) ထောင့်မှန်တြိဂံအား ပင်လယ်မျက်နှာပြင်ညီမျဉ်းတိုင်းကိုင်၍ မျက်စိရှေ့တည့်တည့်တွင်ထားရှိပြီး အပင်ထိပ်ဖျားသို့ ကြည့်ပါ။

(၃) မျက်စိမှအပင်ထိပ်ဖျားသို့ ထောင့်မှန်တြိဂံအတိုင်း ၄၅ ဒီဂရီအတိုင်း ထောင့်မှန်ကျကျမြင်ရပြီဆိုလျှင် မိမိရပ်ထားသည့်နေရာမှ အပင်ခြေရင်းအတွင်းရှိသည့် အကွာအဝေးကို တိုင်းတာပါ။

(၄) မျက်စိမှ မြေကြီးအထိ အကွာအဝေးကို တိုင်းတာပါ။

(၅) ထို့နောက် တိုင်းတာထားသော အကွာအဝေး နှစ်ခု ( လူမှ အပင်အကွာအဝေး + မျက်စိမှ မြေပြင်အကွာအဝေး)ကို ပေါင်းပါ။ ရရှိလာသော ရလဒ်သည် အပင်၏အမြင့် ဖြစ်ပါသည်။

**(ဃ) အပင်လုံးပတ်တိုင်းတာခြင်း**



(၁) အပင်၏ ရင်ဆို့လုံးပတ် (၄ ပေနှင့် ၆ လက်မ ကြား)နေရာတွင် ကြိုးကို တင်းစွာချည်ပါ။

(၂) ချည်ထားသောကြိုးကို အသင့်ရှိပြီးသားခါးဖြင့် ညီညာစွာ ဖြတ်တောက်ပါ။ ရရှိလာသော အပင်လုံးပတ်ကြိုး၏အလျားကို ပေကြိုးဖြင့် တိုင်းတာသိရှိပါ။

**(င) ကောက်ယူရရှိသောသစ်တောသယံဇာတစာရင်းများအားမှတ်တမ်းတင်ပြုစုခြင်း**

**(List of forest inventory)**

(၁) အထက်ပါလုပ်ဆောင်ချက်များမှ ရရှိလာသော အချက်အလက် (သစ်ပင်အမျိုးအစား၊ အမြင့်၊ လုံးပတ်၊ အသုံးဝင်ပုံ)များကို အောက်ပါဇယားကွက်တွင် မှတ်တမ်းတင်စာရင်း ပြုစုပါ။

# သစ်တောသယံဇာတကောက်ယူမှုဇယား

| စဉ် | သစ်မျိုးအမည် | လုံးပတ် | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အ မြင့် | >၆″ | ၆″-၁′ | ၁′- ၁°/၂′ | ၁°/၂′- ၂′ | ၂′- ၂°/၂′ | ၂°/၂′ -၃′ | ၃′- ၃°/၂′ | ၃°/၂′ -၄′ | ၄′- ၄°/၂′ | ၄°/၂′ -၅′ | ၅′- ၅°/၂′ | ၅°/၂′ -၆′ | ၆′> | အသုံးဝင်ပုံ |
| ၁ | | | | | | | | | | | | | | | | |
| ၂ | | | | | | | | | | | | | | | | |
| ၃ | | | | | | | | | | | | | | | | |
| ၄ | | | | | | | | | | | | | | | | |
| ၅ | | | | | | | | | | | | | | | | |
| ၆ | | | | | | | | | | | | | | | | |
| ၇ | | | | | | | | | | | | | | | | |
| ၈ | | | | | | | | | | | | | | | | |
| ၉ | | | | | | | | | | | | | | | | |
| ၁၀ | | | | | | | | | | | | | | | | |
| ၁၁ | | | | | | | | | | | | | | | | |
| ၁၂ | | | | | | | | | | | | | | | | |
| ၁၃ | | | | | | | | | | | | | | | | |
| ၁၄ | | | | | | | | | | | | | | | | |
| ၁၅ | | | | | | | | | | | | | | | | |
| ၁၆ | | | | | | | | | | | | | | | | |
| ၁၇ | | | | | | | | | | | | | | | | |
| ၁၈ | | | | | | | | | | | | | | | | |
| ၁၉ | | | | | | | | | | | | | | | | |
| ၂၀ | | | | | | | | | | | | | | | | |
| ၂၁ | | | | | | | | | | | | | | | | |
| ၂၂ | | | | | | | | | | | | | | | | |
| ၂၃ | | | | | | | | | | | | | | | | |
| ၂၄ | | | | | | | | | | | | | | | | |
| ၂၅ | | | | | | | | | | | | | | | | |

## ၂၄။ PRA tools များအပေါ် ပြန်လည်သုံးသပ်ခြင်း (Experiential learning on community-based natural resource mapping exercises)





**ဆောင်ရွက်ပုံ အဆင့်ဆင့်**

၁။ ဦးစွာပထမ သင်တန်းသား/သူများ၏ တာဝန်ကျကျေးရွာအတွင်း PRA နည်းလမ်းများ ဖော်ထုတ်ခဲ့ခြင်းများအပေါ် တစ်ဖွဲ့ချင်းစီအလိုက် လုပ်ငန်းပြီးစီးမှုအခြေအနေများ၊ ၎င်းလုပ်ဆောင်ချက်များအပေါ် တွေ့ကြုံခဲ့ရသော အခက်အခဲစိန်ခေါ်မှုများကို စာရွက်လွတ်ကြီးပေါ်တွင် ချရေးစေပါ။

၂။ စာရွက်လွတ်ကြီးပေါ်တွင် ချရေးထားသော အချက်အလက်များကို သင်တန်းတွင်း ပြန်လည်၍ ရှင်းလင်းပြောကြားစေပါ။

၃။ သင်တန်းသား/သူများ ကျေးရွာအတွင်း လုပ်ဆောင်ထားသော PRA မြေပုံများအား သင်တန်းတွင်း ချိတ်ဆွဲစေပြီး ဓါတ်ပုံလှည့်လည် ကြည့်ရှုခြင်း (Gallery walk) ပြုလုပ်ပါ။

၄။ ဓါတ်ပုံများကို လှည့်လည် ကြည့်ရှုရင်း ထပ်မံဖြည့်စွက်စေလိုသော အကြောင်းအရာ၊ သတင်းအချက်အလက်များကို PRA မြေပုံများအပေါ်တွင် အပြုသဘောဆောင်သည့် အကြံပြုချက်များကို Post-it စာရွက်ငယ်များအပေါ်တွင် ရေးသား၍ သက်ဆိုင်ရာ PRA မြေပုံပေါ်တွင် ကပ်စေပါ။

၅။ ထို့နောက် တာဝန်ကျရာ ကျေးရွာကိုယ်စားပြု အဖွဲ့လိုက် ၎င်းတို့ပြုလုပ်ခဲ့သည့် PRA မြေပုံများအား မိမိတို့ပြုလုပ်ခဲ့ရသည့်အပေါ် တွေ့ကြုံခဲ့ရသည့် အခက်အခဲများ၊ အောင်မြင်မှုများ၊ ထပ်မံဖြည့်စွက်လိုသည့် အကြံဉာဏ်များအား ပြန်လည်ရှင်းလင်းတင်ပြစေပါ။


၆။ PRA မြေပုံများအပေါ် အဖွဲ့လိုက်ဆွေးနွေးတင်ပြနေခြင်းကို နားထောင်စေ၍ အခြား ဖြည့်စွက်ရန်/အကြံပြုလိုသည့်အချက်များ ကျန်ရှိနေသေးပါက ထပ်မံပေးနိုင်ကြောင်း ဖိတ်ခေါ်ပါ။

၇။ ဆွေးနွေးတင်ပြနေခြင်းအပေါ် အကြံပြုပြောကြားသော အချက်အလက်များကိုလည်း သက်ဆိုင်ရာ PRA မြေပုံများပေါ်တွင် မှတ်တမ်းထားရှိခြင်းများ ပြုလုပ်ရပါမည်။

၈။ အဖွဲ့တစ်ဖွဲ့မှ ဆွေးနွေးတင်ပြမှုများပြီးဆုံးသည့်အချိန်တိုင်း ၎င်းတို့ဆွေးနွေးတင်ပြသွားသည့် အချက်အလက်များအပေါ် PRA မြေပုံတစ်ပုံချင်းစီပေါ်တွင် အားသာချက်များအား ဦးစားပေးပြောကြားရမည်ဖြစ်ပြီး၊ အားနည်းချက်များအား ပြန်လည်တည့်မတ်စေရန်ရည်ရွယ်၍ သင်တန်းဆရာမှ အပြုသဘောဆောင်သော ရှင်းလင်းတင်ပြမှုပုံစံမျိုးဖြင့် အနှစ်ချုပ်ကာ နောက်ထပ်အဖွဲ့တစ်ဖွဲ့သို့ ဆက်လက်ပြောကြားစေပါ။

၉။ အဖွဲ့များအားလုံး ဆွေးနွေးတင်ပြမှုအပြီးတွင် သင်တန်းဆရာအနေဖြင့် သင်တန်းသား/သူများ၏ ဆွေးနွေးတင်ပြမှုများအပေါ် အားလုံးခြုံငုံမိစေနိုင်သော ဆွေးနွေးတင်ပြမှုပုံစံများဖြင့် ၎င်းတို့၏ အားသာသည့်အချက်အလက်များ၊ ထပ်မံဖြည့်စွက်လိုသည့် အချက်အလက်များအား နောက်တစ်ကြိမ်တွင် ထည့်သွင်းရေးဆွဲခြင်း၊ မှတ်တမ်းမှတ်ရာများ ထားရှိခြင်းဖြင့် မိမိတို့သိရှိလိုသည့် ကျေးရွာနှင့်ဆိုင်သော သတင်းအချက်အလက်များကို ရရှိစေမည်ဖြစ်ကြောင်း ပြောကြားပါ။ ထို့ပြင် ကျေးရွာနှင့်ဆိုင်သော သတင်းအချက်အလက်များ ပြည့်စုံစွာရရှိရန်အတွက် ကျေးရွာသူ/သားများအားလုံး ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပြီး ၎င်းတို့ ပူးပေါင်းဆောင်ရွက်မှသာလျှင် မိမိတို့ကျေးရွာ၏ နောင်အနာဂတ်ကို ရုပ်လုံးဖော်နိုင်မည်ဖြစ်ခြင်း၊ ယခု ဖော်ထုတ်နေသော PRA နည်းလမ်းများမှာ ကျေးရွာအနာဂတ် ပိုမိုကောင်းမွန်လာနိုင်ရန်အတွက် ကြားခံပစ္စည်း (Media) တစ်ခုဖြစ်ခြင်းကြောင့် ကျေးရွာ၏ အားနည်းချက်၊ အားသာချက်များကို ပိုမိုပြည့်စုံစွာဖော်ထုတ်စေခြင်းဖြင့် ကျေးရွာသူ/သားများမှအပြင် ကျေးရွာနှင့် ပတ်သက်ဆက်နွှယ်သူများ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ နိုင်ငံတော်အဆင့်အထိ ကျေးရွာ၏ လက်ရှိအခြေအနေအမှန်များကို သိရှိနိုင်စေပြီး မိမိတို့ကျေးရွာအနာဂတ် လုပရေးအတွက် ရည်မှန်းထားသော ရည်မှန်းချက်ပန်းတိုင်ကို ရှေ့ဆက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားစေခြင်းဖြင့် အဆုံးသတ်စေပါ။

## ၂၅။ နေ့စဉ်အချိန်အသုံးချမှုပုံစံ ဖော်ထုတ်ခြင်း
## (Daily Timeline)



**ရည်ရွယ်ချက်**

ကျေးရွာတွင်း မိသားစုဝင်များ၏ (၂၄)နာရီ တစ်နေ့တာ အချိန်အသုံးချမှုပုံစံများကို သိရှိစေရန်နှင့် ကျား/မ တို့၏ တာဝန်ခွဲဝေဆောင်ရွက်မှု၊ ၎င်းတို့၏ အခန်းကဏ္ဍများကို သိရှိစေခြင်းဖြင့် လုပ်ငန်းတာဝန်များအပေါ် တာဝန်သိမှု၊ တန်ဖိုးထားတတ်မှုများကို သိရှိလာစေရန်။

**ကြာချိန်** – ၄၅ မိနစ်

**သင်ထောက်ကူပစ္စည်းများ**

Flip chart၊ ဆေးပင် (Marker Pen)၊ ပေတံ

**ဆောင်ရွက်ပုံ အဆင့်ဆင့်**

၁။ ဦးစွာပထမ နေ့စဉ်အချိန်အသုံးချမှုပုံစံ (Daily timeline) လုပ်ဆောင်ရခြင်း၏ ရည်ရွယ်ချက်ကို သင်တန်းသား/သူများ သိရှိနားလည်စေရန် ပြောကြားရပါမည်။

၂။ သင်တန်းသားများအား တစ်ဦးချင်းစီအလိုက် ၎င်းတို့၏ နေ့စဉ် နံနက်အိပ်ရာထချိန်မှ ညအိပ်ရာဝင်ချိန်အထိ လုပ်ကိုင်ဆောင်ရွက်ရသော လုပ်ငန်းဆောင်ရွက်ချက်များကို ပြန်လည်စဉ်းစားစေပါ။

၃။ စာရွက်ပေါ်တွင် ထောင်လိုက် မျဉ်းဖြောင့်တစ်ကြောင်း ဆွဲစေပါ။

၄။ ထောင်လိုက်ဆွဲထားသော မျဉ်းကြောင်းပေါ်တွင် (၂၄)နာရီအား အကွာအဝေးတူညီစွာ ပိုင်းခြားသတ်မှတ်ပါ။

၅။ ထို့နောက် မိမိတို့စဉ်းစားထားသည့် နေ့စဉ် နံနက်အိပ်ရာထချိန်မှ ညအိပ်ရာဝင်ချိန်ထိ တစ်နေ့တာ နာရီအလိုက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော အလုပ်အကိုင်/ဆောင်ရွက်ချက်များကို သတ်မှတ်ထားသော Flip chart ပေါ်တွင် ချရေးစေပါ။

၆။ ရရှိလာသော အချက်အလက်များအပေါ် အဖွဲ့ကိုယ်စားပြုသူတစ်ဦးမှ သင်တန်းတွင်း ပြန်လည်၍ ရှင်းလင်းတင်ပြစေပါ။

၇။ ဆွေးနွေးတင်ပြသွားသော အချက်အလက်များအပေါ် အမျိုးသားများ လုပ်ကိုင်ဆောင်ရွက်ရသော အလုပ်အကိုင်များနှင့် အမျိုးသမီးများ၏ အလုပ်အကိုင်များမှာ တူညီမှုများရှိနိုင်သလို မတူညီမှုများလည်း ရှိနေနိုင်ပါသည်။ ဤနည်းဖြင့် ကျေးရွာတွင်း အမျိုးသား၊ အမျိုးသမီးများ၏ တစ်နေ့တာအချိန်ကို ဖြတ်သန်းရသည့် ပုံစံ၊ ၎င်းတို့လုပ်ငန်းဆောင်တာများကို လုပ်ကိုင်ဆောင်ရွက်သည့်ပုံစံများကို သိရှိစေနိုင်ခြင်းဖြင့် ၎င်းတို့နှင့် ပတ်သက်ဆက်နွယ်သည့် နောက်ဆက်တွဲ သတင်းအချက်အလက်များဖြစ်သော မိသားစုရေးရာ လုပ်ကိုင်စားသောက်မှုပုံစံ၊ ကုန်ပစ္စည်းများ ဝယ်ယူစားသောက်ရမှုပုံစံ၊ ရေရရှိမှုပုံစံ၊ ကျေးရွာအတွင်းတွင် စားနပ်ရိက္ခာဖူလုံမှု၊ လက်လှမ်းမှီမှု၊ အလုပ်အကိုင်ရှားပါးမှုအခြေအနေများ စသည့်အခြေအနေများအပြင် ကျေးရွာအတွင်း အမျိုးသမီးများ အိမ်မှုကိစ္စများတွင်သာ အချိန်ကုန်ဆုံးနေခြင်းမျိုးများ ရှိ/မရှိ (သို့မဟုတ်) ရပ်ရေးရွာရေး ဆုံးဖြတ်ချက်ချမှတ်သည့် နေရာမျိုးများတွင် အမျိုးသမီး၊ အမျိုးသားများ၏ ပါဝင်ပတ်သက်မှု အခန်းကဏ္ဍများကိုလည်း သိရှိစေနိုင်ခြင်းဖြင့် အားနည်းနေသောအခန်းကဏ္ဍများကို မြှင့်တင်လာနိုင်စေရန်၊ လုပ်ငန်းအစီအမံများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်းဖြင့် နိဂုံးချုပ်ပါ။

# ၂၆။ မြေအသုံးချမှုပုံစံ ဖော်ထုတ်ခြင်း
# (Land use plan)

**ရည်ရွယ်ချက်**

ကျေးရွာ၏ နယ်နမိတ်များ၊ တောတောင်၊ ရေ၊ မြေနှင့် သဘာဝသယံဇာတအရင်းအမြစ်များ၊ လက်ရှိမြေအသုံးချမှုပုံစံများကို ဖော်ထုတ်သိရှိစေရုံသာမက အနာဂတ်ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ထပ်မံဖော်ထုတ်ရရှိနိုင်သော ရေ၊ မြေ အရင်းအမြစ်များသိရှိနိုင်ပြီး ကျေးရွာ၏ အနာဂတ်ဖွံ့ဖြိုးရေးစီမံချက် အစီအစဉ်တစ်ခု ရေးဆွဲနိုင်ရေး အထောက်အကူဖြစ်စေရန်။

**ကြာချိန်** – ၆ နာရီ

**သင်ထောက်ကူပစ္စည်းများ**

စာရွက်ကြီး (Flip chart)၊ ဆေးဘူးပင် (Maker pen)၊ နှစ်ဖက်မြင် စက္ကူ၊ ရောင်စုံခဲတံ၊ ခဲဖျက်။

**ဆောင်ရွက်ပုံ အဆင့်ဆင့်**




၁။ မြေအသုံးချမှုပုံစံ ဖော်ထုတ်ရခြင်း၏ ရည်ရွယ်ချက်ကို သင်တန်းသား/သူများသို့ ဦးစွာပြောကြားပါ။

၂။ မြေအသုံးချမှုပုံစံ ဖော်ထုတ်ရန်အတွက် ဦးစွာ ပထမ ကျေးရွာသယံဇာတ မြေပုံကို ရေးဆွဲဖော်ထုတ်စေပါ။

၃။ ရေးဆွဲရရှိလာသော ကျေးရွာသယံဇာတ မြေပုံမှ လက်ရှိမြေအသုံးချမှု ရှိပြီးသားနေရာများကို အနက်ရောင်ဖြင့် ခြယ်မှုန်းစေပါ။

၄။ ၎င်းမြေပုံပေါ်တွင် နှစ်ဖက်မြင်စက္ကူဖြင့် ထပ်ကာ မိတ္တူ (၄)ပုံ ကူးဆွဲစေပါ။

၅။ ကူးဆွဲထားသော မိတ္တူ(၄)ပုံကို အသုံးပြုကာ ရိုးရာဓလေ့အသိပေါ်အခြေခံ၍ မြေပုံကြမ်း(၄)ပုံ ရေးဆွဲတော့မည့်အကြောင်း အသိပေး ပြောကြားပါ။

၆။ ပထမဦးဆုံး မြေပုံကြမ်းအနေဖြင့် သစ်တောဖုန်းလွှမ်းမှုအခြေအနေပြမြေပုံကို သစ်တောထူထပ်စွာ ပေါက်ရောက်သောနေရာများကို အနီရောင် အပေါင်းလက္ခဏာသင်္ကေတဖြင့်လည်းကောင်း၊ သစ်တော အသင့်

အတင့်ပေါက်ရောက်သော နေရာများကို အပြာရောင်အဝိုင်းသင်္ကေတဖြင့်လည်းကောင်း၊ သစ်တောကျဲပါးစွာ ပေါက်ရောက်သောနေရာကို အနက်ရောင် အနုတ်သင်္ကေတဖြင့်လည်းကောင်း သတ်မှတ်ရေးဆွဲစေပါ။

၇။ ဒုတိယမြေပုံကြမ်းအနေဖြင့် မြေမျက်နှာပြင် မတ်စောက်မှုအခြေအနေကိုကြည့်၍ လျှောစောက် အခြေအနေပြ မြေပုံကို မတ်စောက်မှုများသောနေရာကို အနက်ရောင် အနုတ်လက္ခဏာသင်္ကေတဖြင့်လည်းကောင်း၊ မတ်စောက်မှု အသင့်အတင့်ရှိသောနေရာများကို အပြာရောင်အဝိုင်းသင်္ကေတဖြင့်လည်းကောင်း၊ ပြေပြစ်မှု ရှိသောနေရာများကို အနီရောင် အပေါင်းသင်္ကေတဖြင့်လည်းကောင်း သတ်မှတ်ရေးဆွဲစေပါ။

၈။ တတိယမြေပုံကြမ်းအနေဖြင့် မြေဆီသြဇာအခြေအနေပြပုံကို မြေဆီသြဇာ ကောင်းသောနေရာများကို အနီရောင် အပေါင်းလက္ခဏာသင်္ကေတဖြင့်လည်းကောင်း၊ မြေဆီသြဇာ အသင့်အတင့်ရှိသောနေရာများကို အပြာရောင် အဝိုင်းသင်္ကေတဖြင့်လည်းကောင်း၊ မြေဆီသြဇာ ညံ့သောနေရာများကို အနက်ရောင် အနုတ်လက္ခဏာသင်္ကေတဖြင့်လည်းကောင်း သတ်မှတ်ရေးဆွဲစေပါ။

၉။ စတုတ္ထမြေပုံကြမ်းနေဖြင့် မြေအထူအပါးပြမြေပုံကို မြေသားထူသော နေရာများကို အနီရောင် အပေါင်း လက္ခဏာသင်္ကေတဖြင့်လည်းကောင်း၊ မြေသားအသင့်အတင့်နေရာများကို အပြာရောင် အဝိုင်းသင်္ကေတဖြင့်လည်းကောင်း၊ မြေသား ပါးသည့်နေရာများကို အနက်ရောင် အနုတ်လက္ခဏာသင်္ကေတဖြင့်လည်း ကောင်း သတ်မှတ်ရေးဆွဲစေပါ။

၁၀။ ရရှိလာသော မြေပုံကြမ်း (၄)ပုံကို အသုံးပြု၍ အဆင့်သင့် ရေးဆွဲသတ်မှတ်ထားသော မြေပုံထပ်နည်း (၃)ဆင့်ကို အသုံးပြုကာ မြေပုံထပ်၍ ရေးဆွဲစေခြင်းအားဖြင့် မြေအသုံးချမှုပြ မြေပုံကို ဖော်ထုတ်ရရှိနိုင်ပါသည်။

## ၂၇။ ကုန်းနေ/ရေနေသတ္တဝါများ ကောက်ယူစာရင်းပြုစုခြင်း

**ရည်ရွယ်ချက်**

ကျေးရွာနယ်နမိတ်အတွင်းရှိ မျိုးတုန်းပျောက်ကွယ်ရန် အန္တရာယ်ရှိနေသော ကုန်းနေ၊ ရေနေ သတ္တဝါများကို သိရှိစေခြင်းအားဖြင့် ကျေးရွာသူ/သားများ တန်ဖိုးထား ထိန်းသိမ်းတတ်လာစေရန်အတွက် ရည်ရွယ်ပါသည်။

**ကြာချိန်** – ၃၀ မိနစ်

**သင်ထောက်ကူပစ္စည်းများ**

စာရွက်ကြီး (Flip chart)၊ ဆော့ပင် (Marker pen)

**ဆောင်ရွက်ပုံအဆင့်ဆင့်**

၁။ ဦးစွာပထမ ကမ္ဘာမြေကြီးအတွင်း ဇီဝမျိုးကွဲများ အမျိုးစုံလင်စွာ ရှိနေခြင်းသည် ကောင်း/မကောင်း ဦးစွာဆွေးနွေးပါ။

၂။ ထို့နောက် ကုန်းနေ၊ ရေနေ သတ္တဝါများ၏ အကျိုးကျေးဇူးများမှာ အမျိုးမျိုးရှိကြောင်းနှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများ စုံလင်စွာရှိနေခြင်းကြောင့်၊ ဂေဟစနစ်များ ပိုမိုကောင်းမွန်လာနိုင်ကြောင်း (ဥပမာ– သဘာဝ ဘေးအန္တရာယ်ကျရောက်ခြင်းမှ ကာကွယ်နိုင်ခြင်း၊ ရေရရှိခြင်း၊ အစာရေစာပေါများခြင်း၊ ပိုးမွှားအန္တရာယ် ကျရောက်မှုများမှ ကာကွယ်ပေးနိုင်ခြင်းကြောင့် စိုက်ပျိုးသီးနှံများ ပိုမိုဖြစ်ထွန်းခြင်း) ဂေဟစနစ်ထဲမှ အပင် ဖြစ်ဖြစ်၊ သတ္တဝါဖြစ်ဖြစ် တစ်ခုခုပျက်စီးဆုံးရှုံးမည်ဆိုပါက မူလဟန်ချက်ညီစွာရှိနေသော ဂေဟစနစ်မှာ ပျက်စီးရန်လွယ်ကူနိုင်ကြောင်း၊ ဂေဟစနစ်များ ပျက်စီးဆုံးရှုံးမည်ဆိုပါက ၎င်း၏ အကျိုးဆက်များအနေဖြင့် မုန်တိုင်း၊ လျှောင်၊ ရေကြီး၊ ရေလျှံ၊ ရေရှားပါးခြင်း စသည့် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ကြောင်းကို ရှင်းလင်းပြောကြားပါ။ ထို့ကြောင့် ဂေဟစနစ် ကောင်းမွန်စေရန်အတွက် ကုန်းနေ၊ ရေနေ သတ္တဝါများ ရှိနေခြင်းသည် အရေးကြီးဆုံးထဲမှ တစ်ခုဖြစ်ကြောင်း ရှင်းလင်းပြောကြားပါ။

၃။ ထို့နောက် ကုန်းနေ၊ ရေနေသတ္တဝါများ ကျင်လည်ကျက်စားရာနေရာများ (တော၊ တောင်၊ ချောင်း) ကို သွားရောက်လေ့လာခြင်းဖြင့် ၎င်းတို့ကို မှတ်တမ်းတင်သိရှိနိုင်ကြောင်း၊ ထိုသို့တွေ့ရှိသော အကောင် များကို အလွယ်တကူ မှတ်တမ်းတင်နိုင်ရန်အတွက် မိမိတွင် လိုအပ်သည့် ပစ္စည်းကိရိယာ(ဥပမာ–ကင်မရာ၊ မှတ်စုစာအုပ်)များကို မိမိနှင့် တပါတည်း ယူဆောင်သွားရန်လိုအပ်ကြောင်း ပြောကြားပါ။

၄။ ကုန်းနေ၊ ရေနေ သတ္တဝါများအား မှတ်တမ်းတင်ရာတွင် တွေ့ရှိရသော မည်သည့်အကောင်ကိုမဆို ဦးစွာပထမ ကင်မရာဖြင့် ဓါတ်ပုံရိုက်ကူးရယူပါ။ အားလုံးရိုက်ကူးပြီးမှသာ မိမိရိုက်ကူးလာသောဓါတ်ပုံများကို ပြန်လည်ကြည့်ရှုခြင်းဖြင့် အောက်ပါဇယားကွက်အတွင်း ဖြည့်စွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပါ။

၅။ မိမိကိုယ်တိုင် မျက်စိဖြင့် မမြင်တွေ့သော်လည်း မိမိကျေးရွာအနီးတွင် တွေ့ရတတ်သော တိရစ္ဆာန်များကို ကျေးရွာတွင်းရှိ သိမြင်ကြားရှိသော ပုဂ္ဂိုလ်များအား တွေ့ဆုံဆွေးနွေး မေးမြန်းခြင်းအားဖြင့် ဒေသတွင်းရှိ တိရစ္ဆာန်များကို မှတ်တမ်းရယူစုဆောင်းရန် ပြောကြားပါ။

# ကုန်းနေ/ရေနေသတ္တဝါများမှတ်တမ်းတင်ကောက်ယူမှုဇယား

| စဉ် | အမည် | တွေ့ရှိမှု | | တွေ့ရှိသည့် နေရာ/ဒေသ | စားသောက်သည့် အစားအစာ | တွေ့ရလေ့ရှိသည့် ကာလ (-------မှ----- ထိ) | တစ်နှစ်တွင်း တွေ့ရှိရသည့် ကြိမ်အရေအတွက် | ကျင်လည် ကျက်စားသည့် နေရာ/ဒေသ | အသုံးဝင်ပုံ | ရောင်းချမှု (ရွာတွင်း/ပြင်ပ) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နည်း | များ | | | | | | | | |
| ၁ | | | | | | | | | | | |
| ၂ | | | | | | | | | | | |
| ၃ | | | | | | | | | | | |
| ၄ | | | | | | | | | | | |
| ၅ | | | | | | | | | | | |
| ၆ | | | | | | | | | | | |
| ၇ | | | | | | | | | | | |
| ၈ | | | | | | | | | | | |
| ၉ | | | | | | | | | | | |
| ၁၀ | | | | | | | | | | | |
| ၁၁ | | | | | | | | | | | |

## ၂၈။ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ မှတ်တမ်းတင်ကောက်ယူခြင်း

**ရည်ရွယ်ချက်**

ကျေးရွာနယ်နမိတ်အတွင်း မျိုးတုန်းပျောက်ကွယ်နေသော သစ်မဟုတ်သော အခြားသစ်တောထွက်ပစ္စည်းများကို သိရှိတန်ဖိုးထားတတ်စေရန်နှင့် ထိန်းသိမ်းတတ်လာစေရန်၊ ရှိပြီးသားသစ်တောထွက်ပစ္စည်းများကိုလည်း အရည်အသွေးမြှင့်တင်စေခြင်းဖြင့် ဒေသတွင်းကုန်ကြမ်းများမှ ကုန်ချောအဖြစ်သို့ ရရှိလာနိုင်စေကာ ကျေးရွာတွင်း မိသားစုဝင်များ၏ ဝင်ငွေရလုပ်ငန်းများ ပိုမိုများပြားလာနိုင်ပြီး ထိုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်တတ်လာစေခြင်းမှ မိသားစုစားဝတ်နေရေးများ ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ပါသည်။

**ကြာချိန်** – ၃၀ မိနစ်

**လိုအပ်သည့်ပစ္စည်းများ**

စာရွက်ကြီး (Flipchart)၊ ဆော့ပင် (Marker pen)

**ဆောင်ရွက်ပုံ အဆင့်ဆင့်**



၁။ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၏ အသုံးဝင်ပုံများမှာ ပစ္စည်းများ ပေါ်မူတည်၍ အသုံးဝင်ပုံများမှာလည်း အမျိုးမျိုးရှိကြောင်းကို ရှင်းလင်းပြောကြားပါ။

၂။ သစ်တောထွက်ပစ္စည်းများမှာ နေ့စဉ်မိသားစု စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ပေးနိုင်သည်ဖြစ်သောကြောင့် သစ်တောထွက်ပစ္စည်းများကို နာမည်နှင့်တကွ အတူတကွ မှတ်တမ်းတင်ထားနိုင်ခြင်းဖြင့် ကျေးရွာနယ်နိမိတ်အတွင်း(သို့မဟုတ်)ဒေသတွင်းရှိသော သစ်တောထွက်ပစ္စည်းများကို အလွယ်တကူ သိရှိနိုင်ပြီး (ဥပမာ–ဆေးဖက်ဝင်အပင်များ၊ နေ့စဉ် ချူးယူစားသောက်နေသော ဒေသတွင်းပေါက်ရောက်လျက်ရှိသည့် အသီးအရွက်များ)၊ ၎င်းတို့ကို ကုန်းကြမ်းမှ ကုန်ချောအဖြစ်သို့ ပြောင်းလဲနိုင်ပါက ကျေးရွာတွင်း(သို့မဟုတ်) ဒေသတွင်းသာမက ဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ခြင်းကြောင့် မိသားစုဝင်ငွေများ မူလထက် ပိုမိုများပြားလာနိုင်ကာ ကျေးရွာဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်းကို ရှင်းလင်းပြောကြားပါ။



၃။ သစ်တောထွက်ပစ္စည်းများ မှတ်တမ်းတင်ရာတွင် မိမိတွေ့ရှိရသည့် အသုံးဝင်သည့် မည်သည့်ပစ္စည်း (အပင်၊ အနွယ်၊ အသီး၊ အရွက်)ကိုမဆို ဦးစွာပထမ ကင်မရာဖြင့် ဓါတ်ပုံရိုက်ကူးရယူစေရန် ပြောကြားပါ။ အားလုံးရိုက်ကူးပြီးမှသာ မိမိရိုက်ကူးလာသော ဓါတ်ပုံများကို ပြန်လည်ကြည့်ရှုခြင်းဖြင့် အောက်ပါဇယားကွက်အတွင်း ဖြည့်စွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပါ။



၄။ မိမိကိုယ်တိုင် မျက်စိဖြင့် မမြင်တွေ့ရသော အခြားသစ်တောထွက်ပစ္စည်းများကိုလည်း သစ်တောတွင်း လုပ်ကိုင်စားသောက်သော ပုဂ္ဂိုလ်များ၊ မုဆိုးများ၊ ထို့ပြင် အခြားသိမြင်ကြားရှိသော ပုဂ္ဂိုလ်များကို တွေ့ဆုံဆွေးနွေး မေးမြန်းခြင်းအားဖြင့် ဒေသတွင်းရှိ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို မှတ်တမ်းရယူစုဆောင်းရန် ပြောကြားပါ။



## သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ မှတ်တမ်းတင် ကောက်ယူမှုဇယား

| စဉ် (No.) | အမည် (Name) | တွေ့ရှိမှု (Occurrence) | | တွေ့ရှိသည့် နေရာ/ဒေသ (Place) | တွေ့ရလေ့ ရှိသည့်ကာလ (........မှ .........ထိ) (Duration) | အသုံးဝင်ပုံ (Useful) | ရောင်းချမှု (ရွာတွင်း/ပြင်ပ) (Market Flow) | မှတ်ချက် (Remark) |
|---|---|---|---|---|---|---|---|---|
| | | နည်း (Rare) | များ (Plenty) | | | | | |
| ၁ | | | | | | | | |
| ၂ | | | | | | | | |
| ၃ | | | | | | | | |
| ၄ | | | | | | | | |
| ၅ | | | | | | | | |
| ၆ | | | | | | | | |
| ၇ | | | | | | | | |
| ၈ | | | | | | | | |
| ၉ | | | | | | | | |
| ၁၀ | | | | | | | | |
| ၁၁ | | | | | | | | |
| ၁၂ | | | | | | | | |
| ၁၃ | | | | | | | | |

## ၂၉။ အမျိုးသား၊ အမျိုးသမီးတို့၏ နေ့စဉ်ဘဝတွင် လုပ်ကိုင်ဆောင်ရွက်ရသော လုပ်ငန်းတာဝန်များ ဖော်ထုတ်ခြင်း

## (Type of work of men and women in their daily life)

**ရည်ရွယ်ချက်**



ကျေးရွာတွင်း အမျိုးသား၊ အမျိုးသမီး တစ်နေ့တာ လုပ်ငန်းဆောင်တာများကို သတ်မှတ်ဖော်ထုတ်နိုင်ရန်နှင့် ကျား၊ မ ကဏ္ဍအလိုက် တာဝန်ယူမှုကို အသိအမှတ်ပြု ဖော်ထုတ်နိုင်ရန်နှင့် သာတူညီမျှရှိရေး အပြန်အလှန် ဆွေးနွေးနိုင်စေရန်။

**ကြာချိန်** – ၁ နာရီ ၃၀ မိနစ်

**သင်ထောက်ကူပစ္စည်းများ**

စာရွက်ကြီး (Flip chart)၊ ဆော့ပင် (Marker pen)၊ ရောင်စုံခဲတံ (Color Pencil)

**ဆောင်ရွက်ပုံ အဆင့်ဆင့်**

၁။ အမျိုးသား၊ အမျိုးသမီး အုပ်စု(၂)စု ဖွဲ့ပါ။

၂။ အမျိုးသမီးများအဖွဲ့အား အမျိုးသမီးများ တစ်နေ့တာ လုပ်ကိုင်ဆောင်ရွက် ရသော လုပ်ငန်းအမျိုးအစားများကို အုပ်စုလိုက်ဆွေးနွေးဖော်ထုတ် စေခြင်းဖြင့် ရရှိလာသောအချက်အလက်များကို စာရွက်ကြီး (Flip chart) ပေါ်တွင် ချရေးစေပါ။

၃။ အမျိုးသားများအဖွဲ့ကိုလည်း အမျိုးသမီးများအဖွဲ့အတိုင်း လုပ်ဆောင် စေပါ။

၄။ အဖွဲ့ကိုယ်စီမှ ရရှိလာသော အချက်အလက်များကို အဖွဲ့ကိုယ်စားပြု တစ်ဦးမှ သင်တန်းသားများအားရှေ့တွင် ရှင်းလင်းပြောကြားစေပါ။

၅။ ထို့နောက် အလုပ်အမျိုးအစားလိုက် ခွဲခြမ်းစိတ်ဖြာနိုင်ရန်အတွက် အဆင်သင့် ရေးဆွဲထားသော အလုပ်အမျိုးအစားများကို ကိုယ်စားပြုသော သင်္ကေတအမှတ်အသားများကို သင်တန်းသား/သူများရှေ့တွင် ကပ်၍ အလုပ်အမျိုးအစားအလိုက် ခွဲခြမ်းသတ်မှတ်ထားသော သင်္ကေတများကို အားလုံးနားလည်စေရန် ရှင်းလင်းပြောကြားပါ။



၆။ ထို့နောက် အချိန်၊ အဓိကလုပ်ကိုင်ရသော လုပ်ငန်းအမျိုးအစား၊ သင်္ကေတ၊ တွဲဖက်လုပ်ကိုင်သော အလုပ်အမျိုးအစား၊ သင်္ကေတပါ ဇယားကွက်အား ဆွဲစေပါ။

၇။ အချိန်နေရာတွင် မိမိတစ်နေ့တာ စတင်လုပ်ဆောင်ရသော အချိန်နာရီကို ထည့်စေပါ။

၈။ အဓိကလုပ်ကိုင်ရသော လုပ်ငန်းအမျိုးအစားနေရာတွင် အမျိုးသား၊ အမျိုးသမီး အဖွဲ့အလိုက် ဖော်ထုတ်ရရှိခဲ့သော တစ်နေ့တာလုပ်ဆောင်သည့် လုပ်ငန်းအမျိုးအစားများနှင့် ကိုက်ညီသည့် သင်္ကေတများနှင့် ယှဉ်တွဲစေပါ။ (ပုံစံမှာ– တစ်ရက်တာလုံးအတွက် ၂၄ နာရီအလိုက် မိမိတို့ အဓိကလုပ်ဆောင်ရသော လုပ်ငန်းများနှင့်အတူ တွဲဖက်လုပ်ကိုင်ဆောင်ရွက်ရသော လုပ်ငန်းများကို ဇယားထဲတွင် ထည့်စေပါ။)

၉။ ထို့နောက် အမျိုးသား၊ အမျိုးသမီးများတို့၏ ဆွေးနွေးဖော်ထုတ်ခြင်းဖြင့် ရရှိလာသော အချက်အလက်များကို အပြန်အလှန် နှိုင်းယှဉ်ဆွေးနွေးစေပါ။